ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့ (23-9-2013) (၇၆၁၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆော်ဒီအာရေဗျ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာ ဘင် အဗ္ဗဒူ(လ်) အဇစ် အယ်လ်ဆာ အု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆော်ဒီအာရေဗျ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆဲလ်မန် ဘင် အဘူဒယ်လ် အဇစ် အယ်လ်ဆာ အု(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆော်ဒီအာရေဗျ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဆဲလ်မန် ဘင် အဘူဒယ်လ် အဇစ် အယ်လ်ဆာ အု(ဒ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ယနေ့ မာတိကာ

စားနပ်ရိက္ခာ — စာမျက်နှာ - ၂

ကျန်းမာရေးကျူရှင် — စာမျက်နှာ - ၆

တရားဥပဒေစိုးမိုးရေး — စာမျက်နှာ - ၈

စက်တပ်ရေယာဉ်စီး ခရီးသည်များ အသက်ကယ်အင်္ကျီများ ဝတ်ဆင်ရန်လို — စာမျက်နှာ - ၁၁

ကင်မရာပြတိုက်ကျသဖြင့် အရေးပေါ်ခန်း ရောက်ခဲ့ရသူ မွန်ဂန်ယောင်း — စာမျက်နှာ - ၁၂

မန်ယူသို့ ပြောင်းရွှေ့ရန် လေတန်ဘိန်းစ် ဆန္ဒရှိနေကြောင်း စတက်ဘ်ဖွင့်ဟ — စာမျက်နှာ - ၁၃

ကယ်ရီဗျားစီးသူ ခရီးသည်နှစ်ဦး ဆိုင်ကယ်လုယူသွားသည့်အမှု ဖော်ထုတ်ဖမ်းဆီး — စာမျက်နှာ - ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြစ်ကြီးနားနှင့်ဝိုင်းမော်မြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် သာဂရကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၌ ကျောင်းသား ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြစ်ကြီးနား စက်တင်ဘာ ၂၂

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်တို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ကယ်ဆယ်ရေးစခန်းများ၊ မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတို့ကို တက်ရောက်ခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ ယခုလို လုံခြုံရေးအခြေအနေကြောင့် မိမိတို့နေရပ်ဒေသကို စွန့်ခွာပြီး ကယ်ဆယ်ရေးစခန်းတွေမှာ စုစည်းနေရသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမ ပြည်သူများကို စိတ်မကောင်းသဖြင့် ကိုယ်ချင်းစာပြီး ကူညီ၊ ကယ်ဆယ်၊ စောင့်ရှောက်ရန် ဩဂုတ် ၅ ရက်က တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းခဲ့ပါကြောင်း၊ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**

ရေဝတီနှင့် ငဝန်မြစ်ရေအခြေအနေများ

နေပြည်တော် စက်တင်ဘာ ၂၂

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၅ စင်တီမီတာ(၁ ဒသမ ၈ ပေခန့်)ကျော်လွန်နေကာ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၌ စက်တင်ဘာ ၁၆ ရက် ညနေ ၅ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၅ စင်တီမီတာ(၁ ဒသမ ၈ ပေခန့်)ကျော်လွန်နေကာ နောက်သုံးရက်အတွင်း **စာမျက်နှာ ၉ ကော်လံ ၄ သို့ ✻**

ဥရောပ ဟဲဗီးဝိတ်ချန်ပီယံဆု ဒါရက်ခ်ချီဆိုရာ ဆွတ်ခူး

နိုင်လင်းကြည်

လန်ဒန်မြို့ Copper Box Arena ၌ ကျင်းပခဲ့သည့် လက်ဝှေ့ပြိုင်ပွဲများထဲမှ ဥရောပ ဟဲဗီးဝိတ်ချန်ပီယံလုပွဲတွင် လက်ဝှေ့အကျော်အမော်ဒါရက်ခ်ချီဆိုရာနှင့် ဂျာမန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဂါဘာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ချီဆိုရာက ၎င်း၏ပြိုင်ဘက် စိန်ခေါ်သူ ဂါဘာအား တရစပ်ထိုးသတ်ကာ ငါးချီအတွင်းအလဲထိုးကာ ဥရောပဟဲဗီးဝိတ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

ကြေးမုံ စာတည်းရှုထောင့် ၂၃-၉-၂၀၁၃ (တနင်္လာနေ့)

စားနပ်ရိက္ခာ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး သက်တမ်း နှစ်နှစ်ကျော်ကာလအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့်အတူ တိုးတက်ဖြစ်ထွန်းမှုများကို တစ်ခုပြီးတစ်ခု မြင်တွေ့နေရပါသည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲဖြစ်ထွန်းမှုများအနက် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုများကို အထင်အရှားမြင်တွေ့နေရာ၌ လယ်ယာကဏ္ဍတိုးတက်ဖြစ်ထွန်းမှုများမှာ ယခင်နှင့်မတူသည့် သိသာထင်ရှားသော တိုးတက်မှုများဟု ဆိုချင်ပါသည်။

ထိုသို့တိုးတက်လာရသည်မှာလည်း နိုင်ငံတော်၏ပကတိဖြစ်ပေါ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေရှိစွာ လယ်ယာကဏ္ဍကို ပြောင်းလဲတိုးတက်လာအောင် နိုင်ငံတော်က အမြော်အမြင်ရှိရှိ ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ခဲ့ရသည်မှာလည်း ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ လူဦးရေသည်လည်း လက်ရှိတွင် သန်း ၆၀ ကျော်ရှိနေရာမှ နောင်တွင် သန်း ၁၀၀ အထိ တိုးတက်ဖြစ်ပေါ်လာနိုင်သောကြောင့် အနာဂတ်မျိုးဆက်များ စားနပ်ရိက္ခာဖူလုံလောက်ငရေးကို အလေးထားမျှော်မှန်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ပေါများကြွယ်ဝသည့်အပြင် သင့်တင့်မျှတသည့် ရာသီဥတုလည်းရှိပါသည်။ လုံလောက်သည့် လုပ်သားအင်အားများလည်းရှိပါသည်။ ပတ်ဝန်းကျင်ဒေသတွင်း၌လည်း လူဦးရေထူထပ်ပြီး ကြီးမားသည့် ဈေးကွက်များလည်းရှိနေပါသည်။

ထိုအခြေအနေကောင်းများကို သုံးသပ်တွေ့ရှိသဖြင့် အနာဂတ်အတွက် စားနပ်ရိက္ခာဖူလုံရုံသာမက ပိုလျှံသည်များကို အခြားသို့တင်ပို့ရောင်းချနိုင်အောင် အမြော်အမြင်ရှိရှိ ဆောင်ရွက်ပေးနေသည်ဖြစ်၍ ပြည်သူများအနေဖြင့် ကြိုဆိုပါဝင်ဆောင်ရွက်ကြရမည်သာဖြစ်သည်။

လက်ရှိအနေအထားတွင် ပြည်တွင်းစားသုံးမှုအတွက် အခက်အခဲမရှိသော်လည်း ပြည်ပသို့တင်ပို့ရောင်းချရာ၌ လယ်ယာထုတ်ကုန် သီးနှံအရည်အသွေးမြင့်မားရေး၊ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရှိပြီး ထိုးဖောက်နေရာယူနိုင်ရေးအတွက် လိုအပ်ချက်များစွာ ရှိနေဦးမည်ဖြစ်သည်။

ယင်းအခြေအနေကို ကုစားနိုင်ရန်အတွက် လယ်ယာထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်ရာ၌ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများ ထွန်းကားရေး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်ကြရဦးမည် ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာပြုပြင်ရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ ဈေးကွက်ဝင်အထွက်တိုးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ပြောင်းလဲရေး၊ ခေတ်မီမြေယာပြုပြင်ရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးတို့ကို နိုင်ငံတော်က မူဝါဒချမှတ်ထားရာ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခင်က အခက်အခဲနှင့် အားနည်းချက်အမျိုးမျိုးတို့ကြောင့် လယ်ယာလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှုနည်းပါးခဲ့သည်မှာ အမှန်ဖြစ်သည်။ ယခုအခါ အဆိုပါ အဟန့်အတား၊ အခက်အခဲများစွာတို့ကို ဖယ်ရှားပေးလိုက်နိုင်ပြီး မြန်မာနိုင်ငံ၏ပို့ကုန် GSP အခွင့်အရေးများကိုလည်း ပြန်လည်ပေးအပ်ထားပြီးဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများ ပေါ်ထွန်းနေပြီဟု ဆိုရမည်ဖြစ်ပါသည်။

ယခုအခါ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဖော်ဆောင်လျက်ရှိသည့် အစီအမံများသည် ယခင်ကမကြုံတွေ့ခဲ့ရဖူးသည့် အမှန်တကယ်လက်တွေ့ကျသော ကောင်းမွန်သောဆောင်ရွက်ချက်များဖြစ်ပေရာ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာထွက်ကုန်များ ပြည်ပသို့အရည်အသွေးမီတင်ပို့နိုင်ရေးအတွက် လယ်ယာကဏ္ဍမှ ပါဝင်ပတ်သက်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

အစိုးရစီးပွားရေးအဖွဲ့ အစည်းများအား Corporatization ပြုလုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၂

အစိုးရစီးပွားရေး အဖွဲ့အစည်းများအား Corporatization ပြုလုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက အဆောက်အအုံ လေယာဉ်ကွင်း၊ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲရေးနှင့်အညီ အသစ်ပြုပြင်ဖွဲ့စည်းမည့် ဖွဲ့စည်းပုံအသစ် လျာထားချက်များ၊ စီမံချက်များ၊ ရည်ရွယ်ချက်များနှင့်ပတ်သက်၍လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က အိမ်ရာစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဌာနဆိုင်ရာ အကြီးအကဲများက Corporatization and Commercialization Public Sector နှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒလ သမ္မတကမ်းခြေ၌ လမ်းမီးတပ်ဆင်

ဒလ စက်တင်ဘာ ၂၂

ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်တွင် ရပ်ကွက်နေပြည်သူများ ညဘက်သွားလာမှု အဆင်ပြေစေရန် ကိုယ့်အားကိုယ်ကိုး စုပေါင်းမှုဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လျှပ်စစ်လုပ်သားအဖွဲ့တို့က စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက သမ္မန်ဆိပ်လမ်းရှိ ကွန်ကရစ်လျှပ်စစ်မီးတိုင်များ၌ 45 W မီးသီးချွေ၊ စလောင်းခွက်နှင့် ဆန်ခါအပိတ်များဖြင့် လမ်းမီးများတပ်ဆင်နေသည်ကို တွေ့ရသည်။ **(ဓါတ်ပုံ)**

အလားတူ အဆိုပါရပ်ကွက်ရှိ ဓမ္မစေတီလမ်း၊ အနော်ရထာလမ်း၊ ခတ္တာလမ်း၊ သရဖီလမ်း၊ အောင်သပြေလမ်းနှင့် ဈေးလမ်းတို့တွင်လည်း တပ်ဆင်ပေးခဲ့ပြီး လမ်းမီးစုစုပေါင်း အလုံး ၄၀ တပ်ဆင်ခဲ့ကြောင်း သိရသည်။

သန်းဌေး(ဒလ)

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး(ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၆၇-၄၁၄၇၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းပြီ

မလှိုင် စက်တင်ဘာ ၂၂

မလှိုင်မြို့နှင့် တစ်မိုင်ခန့်ကွာဝေးသည့် ကမ္ဘာဖြူးကျေးရွာနှင့် ထန်းပင်ကောက်ကျေးရွာနှစ်ရွာမှာ အိမ်ခြေ ၂၄၀ ခန့်ရှိပြီး မိရိုးဖလာလုပ်ငန်းဖြစ်သည့် ထန်းပင်ထွက်ပစ္စည်းများဖြင့် အလှဆင်ရက်လုပ်ပြီးစီးပွားရှာသော ကျေးရွာများဖြစ်သည်။ ထန်းကုလားထိုင်၊ ထန်းခေါက်တောင်း ဆိုဒ်စုံ၊ ထန်းလျှော်ဖျာ စသည့် ထန်းထွက်ပစ္စည်းများဖြင့် အလှဆင် ရက်လုပ်ပြီး မလှိုင်၊ မိတ္ထီလာ၊ မန္တလေး၊ တောင်ကြီး စသည့် မြို့ကြီးများသို့ တင်ပို့ရောင်းချ၍ အသက်မွေးဝမ်းကျောင်းလျက်ရှိသည်။ ယခင်က လျှပ်စစ်မီးမရှိခဲ့သော်လည်း ယခုအခါ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိခဲ့သဖြင့် နေ့ဘက်တွင်သာမက ညဘက်တွင်ပါ အလုပ်လုပ်နိုင်ပြီး လုပ်ငန်းများပိုမိုတွင်ကျယ်၍ အဆင်ပြေလျက်ရှိသည်ဟု သိရသည်။ **ကျော်ကျော်(မလှိုင်)**

ပြည်တွင်းရေးရာ

နေပြည်တော်ရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများသို့ ကိုရီးယားနိုင်ငံ စိုက်ပျိုးရေးထွက်ကုန်လုပ်ငန်းရှင်များ လာရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကိုရီးယားနိုင်ငံမှ လယ်ယာထွက်ကုန် လုပ်ငန်းရှင် San Chae ကုမ္ပဏီ C.E.O Mr. Bae, Dae Yeoll နှင့် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် စက်မှုလယ်ယာမြေစိုက်ကွင်း ဧက ၉၀၀ ရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် သန့်စင်စက်နှင့် အအေးခန်းစက်ရုံ၌ လုပ်ငန်းများ စမ်းသပ်နေမှုနှင့် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံဈေးကွက်များသို့ တင်ပို့မည့် ပိန်းဥစိုက်ခင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်း၊ နာနတ်စိုက်ခင်းများကို ကြည့်ရှုလေ့လာကြပြီး ကိုရီးယားနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယား မူရင်းစပါးမျိုး သုတေသနမျိုးပွားစိုက်ခင်း၊ ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာများ၊ ထိုင်ဝမ်မျိုးမြေပဲစိုက်ခင်းများနှင့် မျိုးစေ့သန့်စင်စက်တို့ကို ကြည့်ရှုလေ့လာကြသည်။**(ယာပုံ)**

မြန်မာ-ကိုရီးယား သဘောတူညီချက်အရ မြန်မာနိုင်ငံမှ ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို ကိုရီးယားနိုင်ငံဈေးကွက်သို့ အဆင့်မြင့်နည်းပညာဖြင့် ယခုနှစ်စိုက်ပျိုးရာသီမှ စတင်ပြီး ကိုရီးယားနိုင်ငံသို့ စီးပွားဖြစ်တင်ပို့နိုင်ရန်အတွက် San Chae ကုမ္ပဏီမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တစ်နေ့သုံးတန် အခြောက်ခံနိုင်သော အခြောက်ခံစက် ၁၈ လုံးတို့ကို ရန်ကုန်မှ နေပြည်တော်သို့ လာမည့်သီတင်းပတ်အတွင်း ရောက်ရှိမည်ဖြစ်၍ အဆင့်မြင့် မြန်မာ့သစ်သီးဝလံများအား ကိုရီးယားနိုင်ငံဈေးကွက်သို့ အောက်တိုဘာလမှစ၍ တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်နှင့် သနပ်ပင်မြို့နယ်များမှ အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာ ၂၁ ရက်တွင် ပဲခူးမြို့နှင့် သနပ်ပင်မြို့နယ် ထပ်ခနိမ်ကျေးရွာများသို့ သွားရောက်ခဲ့သည်။

ထပ်ခနိမ်ကျေးရွာတွင် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်က အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အဓိကရည်မှန်းချက်သည် အမျိုးသမီးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ကြောင်း၊ အမျိုးသမီးများသည် လူ့လောကကို ပရမ်းပတာမဖြစ်အောင် ထိန်းကျောင်းနေကြသူများဖြစ်ကြောင်း၊ အမျိုးသမီးများသည် မိမိတို့၏ ကျန်းမာရေးကို စောင့်ရှောက်တတ်ကြရမည်ဖြစ်ကြောင်း၊ စာပေဗဟုသုတလည်း ရှိရမည်ဖြစ်ကြောင်း၊ ဟိရိဩတ္တပ္ပရှိသော မိမိတို့၏ ယဉ်ကျေးမှုတန်ဖိုးကိုလည်း ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ အရှက်ကင်းမဲ့သည့် ဝတ်စားဆင်ယင်မှုများကိုလည်း တားမြစ်ကြရမည် ဖြစ်ကြောင်း၊ သားငယ် သမီးငယ်များအားလည်း အကြမ်းဖက်အနိုင်ကျင့် စော်ကားခံရခြင်းများ မဖြစ်ပွားအောင် စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာသန်းသန်းဦးက ဆီးချိုသွေးချိုရောဂါအကြောင်းကိုလည်းကောင်း၊ အဖွဲ့ဝင် ဒေါက်တာနွယ်နွယ်ညွန့်က သွေးတိုးရောဂါအကြောင်းကို လည်းကောင်း၊ စိတ်ပညာပါမောက္ခ ဒေါ်သက်ထားဝင်းက ကလေးသူငယ်များအား အကြမ်းဖက်ခံရမှုများနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုများ မဖြစ်ပွားအောင် မည်သို့စောင့်ရှောက်ရမည့်အကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ထပ်ခနိမ်မူလတန်းကျောင်းသို့ ဒေါက်တာသန်းသန်းဦးက မှတ်စုစာအုပ် ၅၄ ဒါဇင်၊ ခဲတံ ဒါဇင် ၅၀ နှင့် ကျောင်းဝတ်စုံ ၁၄၇ စုံ လှူဒါန်းသည်။ ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်က ထပ်ခနိမ်ကျေးရွာစာကြည့်တိုက်သို့ သုတရသ စာအုပ်အသစ်များ အုပ်ရေ ၁၀၀၊ မဂ္ဂဇင်းအုပ်ရေ ၂၀နှင့် ဂျာနယ်များ၊ စာစောင်များ လှူဒါန်းသည်။ ဟောပြောပွဲသို့ လူဦးရေ ၄၀၀ ခန့် တက်ရောက်ပြီး လူဦးရေ ၁၅၁ ဦးအား ဆီးချိုသွေးချို စစ်ဆေး သွေးပေါင်ချိန်တိုင်းကာ ဆေးဝါးကုသပေးသည်။

ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်း နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံတွင်လည်း ဒေါက်တာသန်းသန်းဦးက ဆီးချိုသွေးချိုရောဂါအကြောင်း၊ အတွင်းရေးမှူး ဒေါက်တာစုစုနှင်းက သွေးတိုးရောဂါအကြောင်း၊ ပါမောက္ခ ဒေါ်သက်ထားဝင်းက ကလေးသူငယ်အကြမ်းဖက်မှုဆိုင်ရာအကြောင်းများကို ဟောပြောပြီး လူနာ ၅၄ ဦးကို ဆေးဝါးကုသပေးခဲ့သည်။ ပဲခူးမြို့ ဟောပြောပွဲသို့ လူဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ကွန်ကရစ်လမ်းသစ်များဖွင့်

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မအူကုန်းရပ်ကွက် (၁၃၆) လမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းထိပ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ကွန်ကရစ်လမ်းကို ကြည့်ရှုကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက် ဩဘာလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

မအူကုန်းရပ်ကွက် (၁၃၆)လမ်းသည် အရှည် ပေ ၇၅၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် လမ်းသူလမ်းသားများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၂၂၉ သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျောက်မြောင်းအရှေ့ရပ်ကွက် ဩဘာလမ်းသည် အရှည်ပေ ၂၄၀၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် လမ်းသူလမ်းသားများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၆၇၇ သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၉-၂၀၁၃ (တနင်္လာနေ့)

၆း၀၀	ပရိတ်တရားတော်
၁၀း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "နေရောင်အောက်က သတို့သမီး" (ဒုတိယတွဲ) (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း)
၁၁း၁၅	ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၃း၀၀	ပြည်တွင်းသတင်း
၃း၁၅	ဆေးရောင်စုံရုပ်ရှင် "နေကမွေးတဲ့လ" (ဒုတိယပိုင်း) (ကျော်ဟိန်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-မောင်တင်ဦး)
၄း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သမိုင်း၊ပထဝီဝင်၊ စိတ်ပညာထူးပြုများ)(သမိုင်း)
၆း၄၅	"Analog မှသည် Digital ဆီသို့"
၇း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ချန်ပီယံချစ်သူ" (အပိုင်း-၇) -အိန္ဒိယရုပ်ရှင် "တစ်လွှန်ပြတ်ကြိုး" (အပိုင်း-၃) (ဇာတ်သိမ်း)

တရားခွင်၌ နိုင်ငံရေးသမားဟောင်း ဘိုရှီလိုင်းနှင့် နားထောင်သူများကို တွေ့မြင်ရစဉ်။

တရုတ်ထိပ်တန်းနိုင်ငံရေးသမားဟောင်း ဘိုရှီလိုင်းအား အဂတိလိုက်စား၍ ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်

ပေကျင်း စက်တင်ဘာ ၂၂

တရုတ်နိုင်ငံ တရားရုံးတစ်ရုံးက ကွန်မြူနစ်ပါတီ ထိပ်တန်းနိုင်ငံရေးသမားဟောင်းတစ်ဦးကို အဂတိလိုက်စားမှု ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် ထောင်ဒဏ်တစ်သက် အပြစ်ပေးလိုက်ကြောင်း စက်တင်ဘာ ၂၀ ရက် ယူပီအိုင် သတင်းတွင် ဖော်ပြသည်။

စီချွမ်ပြည်နယ် ချုံကင်း ကွန်မြူနစ်ခေါင်းဆောင်ဟောင်း ဘိုသည် လာဘ်ယူမှု၊ ဘဏ္ဍာငွေအလွဲသုံးစားမှုနှင့် အာဏာ အလွဲသုံးစားမှုများ ကျူးလွန်သဖြင့် အပြစ်ပေးခြင်း ဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ရေးသားသည်။

ဩဂုတ်လအတွင်းတွင် ရှန်ဒေါင်းပြည်နယ် ဂျီနန် ပြည်သူ့တရားရုံး၌ ငါးရက်ကြာစစ်ဆေးပြီးနောက် တရားရုံး အမိန့်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

အသက်(၆၄)နှစ်ရှိ ဘိုကို နှစ်ရှည်ပြစ်ဒဏ်ချမှတ်ရ ခြင်းအတွက် အစိုးရရှေ့နေများက အကျိုးအကြောင်း ရှင်းလင်းပြောကြားရာတွင် ၎င်းသည် အလွန်ကြီးမားသော ရာဇဝတ်မှုများကျူးလွန်ခဲ့ပြီး အပြစ်ရှိကြောင်း ဝန်ခံရန် ငြင်းဆိုခဲ့သည်ဟုဆိုသည်။

ဘို၏ နောက်ဆုံးကြေညာချက်တွင် တရားခွင်၌ စစ်ဆေးမေးမြန်းပုံများကို ၎င်းအနေဖြင့် ကျေနပ်ကြောင်း ဖော်ပြသည်။

တရားသူကြီးရှေ့မှောက်တွင် နှစ်ဖက်ရှေ့နေများ သည် ၎င်းတို့၏အမြင်များကို အပြည့်အဝဖော်ပြခွင့်ရရှိခဲ့ ကြကြောင်း၊ တရားခွင်၌ စစ်ဆေးစီရင်ခြင်းမှတ်တမ်းများကို လည်း တရားရုံးက ၎င်း၏ဝက်ဘ်ဆိုက်၌ ဖော်ပြပေးကြောင်း၊ ယင်းသို့လုပ်ဆောင်ချက်များက တရုတ်နိုင်ငံ၏ အနာဂတ် တရားစီရင်ရေးအပေါ် ၎င်းအား ယုံကြည်မှုရှိစေခဲ့ကြောင်း ကြေညာချက်တွင် ရေးသားထားသည်။

စက်တင်ဘာ ၁၂ ရက်တွင် ထောင်တွင်းမှ ဘို ရေးသားသည်ဟုဆိုသော စာတစ်စောင်ကို ဝက်ဘ်ဆိုက် ပေါ်၌ ယခုသီတင်းပတ်စောစောပိုင်းက တင်ထားရာတွင် ယင်းစာ၌ ၎င်းသည် အပြစ်မရှိကြောင်း၊ အဖြစ်မှန်သည် တစ်နေ့ပေါ်လာမည်ဖြစ်ကြောင်း ရေးသားထားသည်။

ယူပီအိုင်/ဘီဘီစီ။

ကိုရီးယားမိသားစုများ ပြန်လည်ပေါင်းစည်းရေး မြောက်ကိုရီးယားရွှေ့ဆိုင်း

ဆိုးလ် စက်တင်ဘာ ၂၂

ကိုရီးယားစစ်ပွဲအတွင်းက ကွဲကွာသွားကြသော မိသားစုများ ပြန်လည်ပေါင်းစည်းရေးအစီအစဉ်ကို မြောက်ကိုရီးယား အချိန်အကန့်အသတ် ပြောကြားခြင်းမရှိဘဲ ရွှေ့ဆိုင်းလိုက်ကြောင်း စနေနေ့၌ထုတ်ပြန်သော အစိုးရ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

စွပ်စွဲ

အမည်နှင့်တကွ အတိအကျ ဖော်ပြခြင်းမရှိသော တောင်ကိုရီးယားနိုင်ငံမှ ရှေးရိုးစွဲများက ပြဿနာကို ရန်လို လျက်ရှိသည်ဟု စွပ်စွဲရုံမှအပ အသေးစိတ်အချက်အလက် များကို ကြေညာချက်၌ ဖော်ပြခြင်းမရှိပေ။

မြောက်ကိုရီးယားသည် တောင်ကိုရီးယားအပေါ် အလားတူစွပ်စွဲချက်မျိုးကို အမြဲတစေ ပြုလုပ်နေကျ ဖြစ်သည်။

မတုံ့ပြန်

တောင်ကိုရီးယားက အဆိုပါကြေညာချက်အပေါ် ယခုအချိန်အထိ မည်သို့မျှ တုံ့ပြန်မှုမပြုလုပ်သေးပေ။ ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲကြောင့် ကွဲကွာသွားကြရသော လူများအတွက် စက်တင်ဘာ ၂၅ ရက်မှ ၃၀ ရက်နေ့အထိ ခြောက်ရက်ကြာ မိသားစုပြန်လည်ပေါင်းစည်းရေး ကျင်းပရန် ကိုရီးယားနှစ်နိုင်ငံ စီစဉ်ထားနှင့်ပြီးဖြစ်သည်။ ကိုရီးယားကျွန်းဆွယ်ကိုပိုင်းခြားလိုက်သောအခါ သန်းပေါင်း များစွာသော လူများသည် ၎င်းတို့၏မိသားစုနှင့် တကွဲ တပြားစီ ဖြစ်သွားခဲ့ရသည်။

ဘီဘီစီ။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ ကုန်တိုက်တစ်ခုအား စစ်သွေးကြွများတိုက်ခိုက် လူ ၅၉ ဦးထက်မနည်း သေဆုံးပြီး ၁၇၅ ဦး ဒဏ်ရာရ

နိုင်ရိုဘီ စက်တင်ဘာ ၂၂

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ ဝက်စ်ဂိတ် ကုန်တိုက် တစ်ခုအား စစ်သွေးကြွများက စက်တင်ဘာ ၂၁ ရက်တွင် တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၅၉ဦး သေဆုံးပြီး ၁၇၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး က ပြောကြားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြ သည်။

အယ်ဖာဘတ်စစ်သွေးကြွအဖွဲ့မှ တိုက်ခိုက်သည်ဟု သံသယမကင်းဖွယ်ရာ ဖြစ်ရပ်အပြီးတွင် ယင်းကုန်တိုက်မှ လူ ၁၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရ ကြောင်း ဝန်ကြီးလျှိုးလန်ကူက ပြောကြားသည်။

စစ်သွေးကြွ တိုက်ခိုက်ရေးသမား ၁၀ ဦးမှ ၁၅ ဦး သည် ယင်းကုန်တိုက်အဆောက်အအုံအတွင်း ရှိနေဆဲ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းအခြေအနေမှာ အဆိုပါဈေးဝယ်ဌာနနှင့် ပတ် ဝန်းကျင်၌ လက်နက်ကိုင်စစ်သွေးကြွများ ရှိနေကြောင်းနှင့် အဆိုပါအဆောက်အအုံအတွင်း လက်နက်ကိုင်တိုက်ခိုက် မှုများ ပြတ်တောင်းပြတ်တောင်း ဖြစ်ပေါ်နိုင်သေးဟု ဆိုသည်။

ယင်းအဆောက်အအုံအတွင်း ပြည်သူအများအပြား ရှိနေပြီး ယင်းတို့မှာ လက်နက်ကိုင်စစ်သွေးကြွများ၏ ထိန်းသိမ်းခြင်း သို့မဟုတ် ဓားစာခံများအဖြစ် ထိန်းသိမ်း ထားခြင်း ခံရနိုင်ဖွယ်ရှိနေသည်။

အယ်ဖာဘတ် သူပုန်အဖွဲ့က ဘီဘီစီသတင်းဌာနသို့ ပြောကြားရာတွင် ဆိုမာလီနိုင်ငံအတွင်း၌ ကင်ညာတပ်ဖွဲ့ များ၏ စစ်ရေးအရ ဆောင်ရွက်မှုများကို တုံ့ပြန်ရန်အတွက် ယင်းသို့သော ကုန်တိုက်များအား တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ဆိုသည်။

၂၀၁၁ခုနှစ်မှစ၍ ဆိုမာလီနိုင်ငံတောင်ပိုင်းရှိ စစ်သွေး ကြွများအား တိုက်ခိုက်ရန် ကင်ညာတပ်ဖွဲ့ဝင်အင်အား ၄၀၀၀ ခန့်ကို စေလွှတ်ထားခဲ့သည်။

ဘီဘီစီ။

ပါကစ္စတန်တွင်ဗုံးပေါက်ကွဲ ၇၅ ဦးသေဆုံး

ပက်ရှ်ဝါ စက်တင်ဘာ ၂၂

ပါကစ္စတန်နိုင်ငံ မြို့တော်ပက်ရှ်ဝါတွင် အသေခံဗုံးခွဲ သမားတစ်ဦးက ဗုံးဖောက်ခွဲလိုက်ရာ လူ ၇၅ ဦးထက်မနည်း သေဆုံး၍ အမျိုးသမီးများနှင့် ကလေးများအပါအဝင် ၄၅ဦး ခန့် ဒဏ်ရာများရရှိကြောင်း ဂျီအီးအိုသတင်းဌာနက စက်တင်ဘာ ၂၂ ရက်တွင် ထုတ်လွှင့်ဖော်ပြသည်။

ပါကစ္စတန် ခရစ်ယာန်ဘုရားကျောင်းအနီး ကိုဟာတီ ဂိတ်အပြင်ဘက်တွင် အသေခံဗုံးခွဲသမားက အသေခံ ဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲသံနှစ်ကြိမ်ကို အနီး အနားဒေသများမှကြားရကြောင်း သတင်းတွင်ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွားသောနေရာမှ ဒဏ်ရာရရှိသွားသူ ၃၅ ဦးကို ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဘုရားကျောင်း၌ ဝတ်ပြု ဆုတောင်းသူ ၅၀၀ ကျော် တက်ရောက်၍ ဝတ်ပြုနေချိန် ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆင်ဟွာ။

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဝက်စ်ဂိတ်ကုန်တိုက်မှ ဈေးဝယ်သူများ အလန့်တကြား ထွက်ပြေးလာကြစဉ်။

ပြည်တွင်းရေးရာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ

ဖိလစ်ပိုင်နိုင်ငံရွေးကောက်ပွဲကော်မရှင်သို့ သွားရောက်လေ့လာရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် IFES Myanmar ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဦးညွန့်တင်တို့သည် Country Director Mr. Paul Guerin နှင့်အတူ ဖိလစ်ပိုင်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်သို့ သွားရောက်လေ့လာရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆူးကြားမှ ဘူးခါးများ

အောင်ကျော်ညို

ရန်ကုန်မြို့တွင် ခရီးသွားနေကြသူများ ကားနှင့် ရထားအဓိကထား စီးသွားစီးလာပြုနေကြရသည်။ ရထားစီးရသည်မှာ သက်သောင့်သက်သာနှင့် ပုံမှန်ခရီးစဉ်များဖြစ်နေလည်း မြို့ပြပြည်သူလူအများစု ရထားလမ်းနှင့်မနီး နေရာအနှံ့ ပြန့်ကြဲနေထိုင်လျက်ရှိနေကြရာ ကားကိုသာလျှင်အားထားစိတ်ရှည်သည်းခံလမ်းကြောင်းမှန်နေကြရဆဲ။

ရုံးဖွင့်ရက်များဆိုလျှင် မြို့တွင်းမြို့ပြင် လမ်းဆုံလမ်းခွ နေရာအနှံ့မှာ ကားတွေပွတ်သိပ်ပြည့်ကျပ် ခရီးမတွင်နိုင်။ ကားပေါ်မှာ ခရီးသွားပြည်သူတွေလည်း ငါးပိသိပ်၊ ငါးချဉ်သိပ်။ ကားသမားတချို့ ဆက်ဆံရေးကလည်း ပြူးပြဲ၊ အော်ငေါက်လိုက်နှင့်။ မြို့တွင်းခရီးသွားပြည်သူများ၏ နိစ္စဓူဝကြုံတွေ့နေရဒုက္ခမျိုးစုံ။ လိုရာခရီးရောက်မှ ဟင်းချနိုင်သည်။ မသွား၍မဖြစ်သော ဤခရီးကို အောင့်အည်းသည်းခံသွားနေကြရဆဲ။

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များဘဝမှာလည်း တစ်နေ့သတ်မှတ်ငွေကို ယာဉ်ပိုင်ရှင်အား အပြည့်အဝပေးအပ်နိုင်ပါမှ၊ သူတို့အတွက် လည်း နေ့တွက်ကိုက်ပါမှ။ လမ်းကြောင်းပေါ်မှာ ခေါက်ရေများဖို့၊ လူရဖို့ အလုအယက်နှင့် အတင်းလုမောင်း၊ အတင်းဆွဲတင်၊ အတင်းတွန်းချ ကသုတ်ကရက်နှင့် တက်သုတ်ရိုက် ချ၊ တင်၊ ထွက် စနစ်ကို သူ့နည်းသူ့ဟန်နှင့် လိုက်နာကျင့်သုံးနေကြရသည်။ သူတို့အတွက် နေ့တွက်မကိုက် တာဝန်မကျေလျှင် ထမင်းအိုးကွဲသွားနိုင်သည်။ ယာဉ်ပိုင်ရှင်အများစုမှာ ပုံမှန်ပိုက်ဆံရနေဖို့သာ အဓိက။ လမ်းကြောင်းပေါ်မှ ပြဿနာဖြစ်သမျှ ကိုယ်ဖြစ်ကိုယ်ခံ။ သူတို့နှင့် မဆိုင်။ ယာဉ်လုပ်သားများ ၏ အန္တရာယ် အခက်အခဲများကြားမှ ရုန်းကန်လှုပ်ရှား ပုံမှန်ဘဝများ။

လမ်းကြောင်းပေါ်မှာ တာဝန်ယူနေကြရသည့် ယာဉ်ထိန်းရဲများမှာလည်း တစ်ခါတစ်ရံ အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ လေးထောင့်ကန်လမ်းပေါ်မှဖြစ်ရပ်က ပူပူနွေးနွေးရှိနေသေးသည်။ အန္တရာယ်ရှိလည်း ရှောင်လွှဲမရ။ စည်းကမ်းဖောက်ဖျက်ယာဉ်များကို နေ့စဉ်ဝတ်မပျက် စစ်ဆေး၊ ဖမ်းဆီး၊ အရေးယူနှင့် လုပ်ငန်းခွင်ပေါ်မှ နိုင်ငံ့ဝန်ထမ်းများဘဝ။

သူ့နေရာ၊ သူ့တာဝန်၊ သူ့အခွင့်အရေးနှင့်သူရှိနေကြရာတွင် ယာဉ်လုပ်သားများဘဝကပိုဆိုးနေသလား။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အရေးယူခံရ၊ ခရီးသွားပြည်သူများ မကျေနပ်၍ တိုင်ကြားခံရပြန်လျှင်လည်း ပြင်းထန်စွာ အပြစ်ပေးခံရ၊ ကားပိုင်ရှင်များ အလိုမကျပြန်လျှင်လည်း ထမင်းအိုးကွဲရနှင့် အန္တရာယ်ကြားမှာ မရှုန်းသာ၊ မရွံ့သာနှင့် ဆူးကြားမှ ဘူးခါးသီးလေးများဘဝ။ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ မထသလက်အောက်ယာဉ်လိုင်းများသို့ ခရီးသည်များတိုင်ကြားမှု ၁၈၃ မှုတွင် ပြစ်ချက်မှန်ကန်၍ ယာဉ်လုပ်သား ၁၈၅ ဦးအား ယာဉ်လိုင်းမှ ထုတ်ပယ်အပြစ်ပေးခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်နည်းဥပဒေအရ စည်းကမ်းဖောက်ဖျက်ယာဉ်များကိုပြစ်မှုအပေါ် မူတည်၍ ဒဏ်ငွေရိုက်ခြင်းတစ်ခုတည်းနှင့်မလုံလောက်၍ စည်းကမ်းမဲ့ယာဉ်များကိုပါ ၁၄ ရက်ကြာ ထိန်းသိမ်းအပြစ်ပေးမည်ဟု စီစဉ်လာနေရသည်။ လက်ရှောင်နေတတ်သော ယာဉ်ပိုင်ရှင်များအား သတိပေးခြင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ စည်းကမ်းဖောက်ဖျက်ယာဉ် ၉၀ ရာခိုင်နှုန်းမှာ ခရီးသည်တင်ယာဉ်များဖြစ်နေသည်။ ဤသို့ အရေးယူမှသာ ယာဉ်ပိုင်ရှင်များဘက်မှ သူတို့ခန့်အပ်တာဝန်ပေးထားသည့် ယာဉ်လုပ်သားများအပေါ် ကြပ်မတ်တာဝန်ယူပေးလာကြလိမ့်မည်။ တာဝန်ရှိသူများဘက်မှ အမြင်။

ယခုအခါ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ ကိုယ်တိုင် မထသတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်လုပ်ဆောင်ခွင့်ရနေကြပြီ။ ယခင်ကလို မျက်နှာလွှဲခဲပစ် မသက်ဆိုင်သလို ဝေလေလေနေလို့ မရတော့ပြီ။ ကိုယ်တိုင်ပါဝင်၊ ကိုယ်တိုင်ကြီးကြပ် တာဝန်ယူလာနေကြရပြီဖြစ်ရာ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲညီညာလာခဲ့ပြီ ဆိုပါလျှင် လမ်းကျဉ်း၊ ကားကြပ်ပြဿနာကိုမရှင်းနိုင်လည်း ကားသမားများ၏ဆောင်ပုဒ် စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်လာလိမ့်မည်၊ ခရီးသွားပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိကြောင်းပါ။ ။

ပြည်တွင်းကုန်စည်ဈေးနှုန်း

ရန်ကုန် စက်တင်ဘာ ၂၂

ယခုနှစ် ရာသီဥတုအဆင်ပြေသဖြင့် မိုးမြေပဲစိုက်ပျိုးသူများအထွက်တိုးပြီး ဈေးကွက်တွင် မြေပဲဆန်တစ်ပိဿာလျှင် ဆီဆန် ငွေကျပ် ၁၃၀၀ နှုန်း၊ လုံးဆန် ငွေကျပ် ၁၇၀၀ နှုန်းရှိပြီး မြေပဲဆီဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၂၉၀၀ နှုန်းရှိကြောင်း ယခုလဆန်း ပြည်ဒေသဈေးကွက်သတင်းများမှ သိရှိရပြီး ရန်ကုန်မြို့တွင်မူ မြေပဲဆီလက်ကား ရောင်းဈေး တစ်ပိဿာ ငွေကျပ် ၃၅၀၀ နှုန်းရှိကြောင်း မြေပဲဆီရောင်းချသူတစ်ဦးက ဆို သည်။

ယခင်နှစ် ၂၀၁၂ ခုနှစ် စက်တင်ဘာလဆန်းတွင် မြေပဲလုံးဆန်တစ်ပိဿာ ငွေကျပ် ၂၁၀၀၊ ဆီဆန်တစ်ပိဿာ ငွေကျပ် ၂၃၀၀ နှုန်း၊ မြေပဲဆီတစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၄၆၀၀ နှုန်း၊ စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၆၅၅ နှုန်းရှိခဲ့ရာ ယခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၅၀၃ နှုန်းရှိသဖြင့် ယခင်နှစ် စားအုန်းဆီနှုန်းထက် မြေပဲဆီတစ်ပိဿာ ဈေးနှုန်းသည် ငွေကျပ်၃၀၀၀ခန့် ဈေးမြင့်နေသော်လည်း ယခုနှစ် ကာလတူ စက်တင်ဘာ လလယ်တွင် တစ်ပိဿာ ငွေကျပ် ၂၀၀၀ ခန့်သာ ဈေးကွာခြားမှုရှိကြောင်း ဈေးနှုန်းနှိုင်းယှဉ်ချက်များအရ သိရသည်။

မြေပဲဆန်တစ်ပိဿာ ကြိတ်ခွဲမှုတွင် ထုတ်လုပ်မှုကုန်ကျစရိတ် ငွေကျပ် ၆၀ ရှိပြီး ဆီထွက်နှုန်းအမြင့်ဆုံး ၃၈ ကျပ်သား၊ ဘေးထွက်ပစ္စည်းဖြစ်သော ပဲဖတ် ၅၅ ကျပ်သားထွက်ရှိကြောင်း၊ ပဲဖတ်တစ်ပိဿာ ၉၀၀ ကျပ်ဈေးရှိရာ ပဲဖတ်ဖိုးနှင့် ထုတ်လုပ်နိုင်မှု ကုန်ကျငွေများနုတ်လျှင် ယခုလက်ရှိ လုံးဆန်တစ်ပိဿာ ငွေကျပ် ၁၃၀၀ ဈေးနှုန်းဖြင့် တွက်ချက်လျှင် ဆီထွက်နှုန်းပေါ်မူတည်၍ မြေပဲဆီတစ်ပိဿာ ငွေကျပ် ၂၃၀၀ မှ ၂၅၀၀ ကျပ် အတွင်းသာ ကျသင့်ကြောင်း၊ မန္တလေးအပါအဝင် အထက်ဒေသများမှ ရန်ကုန်သို့ ပို့ကုန်တစ်ပိဿာ ကားခ ငွေကျပ် ၃၀ မှ ၄၀ အတွင်းသာ ယခုလပိုင်းတွင် ရှိရာ မြေပဲဆီဈေးနှုန်းထပ်မံကျဆင်းရန် ရှိကြောင်း၊ ပြည်- အောင်လံ- မင်းတုန်း-ကမ္မ-ပြလို့-မြန်အောင်- ကြံခင်းဒေသများတွင် မိုးမြေပဲစိုက်ပျိုးကြပြီး ဝါခေါင်လကုန်ပိုင်းတွင် တူးဖော်၍ ဈေးကွက်သို့ တင်ပို့လေ့ရှိကြောင်း စားသုံးဆီသယ်ယူပို့ဆောင်ပေးနေသူတစ်ဦးက ဆိုသည်။

မြေပဲဆီဈေးနှုန်းများကို မြေပဲဆန်ဈေးနှုန်း၊ ကားခဈေးနှုန်းများ အနေအထားအရ လက်ရှိ ရန်ကုန်ဈေးနှုန်းထက် ဈေးချရောင်းပေးနိုင်ပါက အနံ့သွင်း စားအုန်းဆီ (အသွင်တူမြေပဲဆီ) ရောင်းချမှုဈေးကွက် ကျဉ်းမြောင်းလာနိုင်ပြီး မြေပဲဆီစားသုံးမှုပိုမိုလာနိုင်ကြောင်း၊ ပြည်တွင်းတွင် မြေပဲအထွက်တိုး၊ မြေပဲဆီထုတ်လုပ်မှု ပိုလာပါက နှစ်စဉ် စားသုံးဆီလိုအပ်ချက်အရ တန်ချိန်သုံးသိန်းဝန်းကျင်တင်သွင်းမှုကို အထိုက်အလျောက် လျှော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှု လျှော့ချလာနိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူများလည်း စားသုံးဆီဝယ်ယူသုံးစွဲမှုတွင် ကျန်းမာရေးနှင့် ပြည့်စုံလာနိုင်ကြောင်း စားသုံးဆီရောင်းချသူ တစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၉-၂၀၁၃ (တနင်္လာနေ့)

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်
၈း၁၀	ရွှေဟောင်းသုတ
၉း၁၀	သူနှင့်သူ၏သီချင်းများ
၄း၁၅	မျိုးချစ်တပ်မတော်
၄း၄၅	ဗွီဒီစီကျော်ကြားတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်စံအိမ်” (ဒုတိယတွဲ) (အပိုင်း-၃၂)
၆း၂၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မြင့်မြတ်စွာပေးဆပ်လေသော” (အပိုင်း-၃၆)
၈း၀၀	မြဝတီရုပ်မြင် သံကြားသတင်း -နိုင်ငံတကာသတင်း

ကျန်းမာရေးကျူရှင် (Tuition)

ရဲအောင်ချိန်

နိုင်ငံတော်က လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းများကို အသက်(၆၀)သတ်မှတ်ထားသည့်အတွက် ယခုကျွန်တော်သည် အသက်(၆၀)ပြည့်ပြီဖြစ်၍ လုပ်ငန်းခွင်မှ(အငြိမ်းစား)ယူခဲ့ရပါသည်။ အသက်(၆၀)နှင့်အသက်(၇၅)နှစ်အသက်အရွယ်များအား "သက်ကြီးသူ" လိုင်းကားစပယ်ရာတွေအခေါ် "သက်ကြီးပိုင်း" (Elderly)၊ အသက်(၇၅)နှစ်အရွယ်များအား "လူအို" (old) များဟုသတ်မှတ်ကြပါသည်။ အသက်အရွယ်ကြီးတိုင်း မအိုနိုင်၊ ကိုယ်ကာယကြံ့ခိုင်သူ၊ စိတ်ပိုင်းရင့်ကျက်မှု၊ ဉာဏပိုင်းရှင်သန်မှုတို့ရှိနိုင်ပြီး "စိတ်ပျိုကိုယ်နု"၊ "နွားပျိုသန်လှ၊ နွားအိုပေါင်ကျိုးသလောက်ရှိမပေါ့" ဟူ၍ ပြောစမှတ်ရှိကြသည်။ တကယ်တော့ အသက်ကြီးတိုင်းလည်း မအိုနိုင်ပါ။

ကျွန်တော် အငြိမ်းစားယူပြီနောက်ပိုင်းတွင် အချိန်ရသဖြင့် မနက်တိုင်း စောစောထ၊ လမ်းလျှောက်လေ့ကျင့်ခန်းယူလေ့ရှိသည်။ မနက်တိုင်း လမ်းလျှောက်နေသဖြင့် လမ်းလျှောက်လျှင်တွေ့နေရသော အသက်ကြီးပိုင်းများထဲမှ ဦးကျော်ဟိုးဆိုသည့် အငြိမ်းစားတစ်ဦးနှင့် ရင်းနှီးခဲ့ရပြီး နေ့စဉ်လမ်းလျှောက်ဖော်ဖြစ်ခဲ့ရသည်။ ဦးကျော်ဟိုးသည် ကျန်းမာရေးအလွန်လိုက်စားပြီး ကျန်းမာရေးဗဟုသုတလည်း အလွန်ပြည့်ဝသူတစ်ဦးဖြစ်သည်။ ဦးကျော်ဟိုးက ကျွန်တော်ကို လမ်းလျှောက်ရင်း ကျန်းမာရေးနှင့်ပတ်သက်သော ဗဟုသုတများကို ပညာပေးဆွေးနွေးပြောကြားလေ့ရှိပါသည်။

လူတို့၏ ခြေသလုံးကြွက်သားများသည် လူ၏ဒုတိယနှလုံးဖြစ်ကြောင်း၊ ခြေသလုံးကြွက်သားသန်မာအောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ လမ်းလျှောက်ရင်း သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်များကို ရှူရှိုက်ရသဖြင့် အဆုတ်အတွင်းလေညစ်လေသန့်များကို လဲလှယ်ပေးနိုင်ခြင်း၊ အသက်ရှူကြွက်သားများ သန်မာစေခြင်း၊ အသက်ရှူမှုဆိုင်ရာ ရင်ခေါင်းအိမ်၊ အကြောအဆစ်များ ကြံ့ခိုင်ခြင်းတို့ ဖြစ်ပေါ်စေခြင်းတို့အပြင် လေပွွန်ငယ်များအတွင်းတွင် သလိပ်များခိုအောင်းမနေနိုင်ခြင်း၊ စိုးရိမ်သောက ဖိစီးမှုလျော့ကျစေခြင်းနှင့် နှလုံးရောဂါပျောက်ကင်း၍ နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုဖြစ်စေခြင်း၊ သွေးသားလည်ပတ်မှုကောင်းစေခြင်းစသည့် အထွေထွေကျန်းမာရေးအတွက် အထူးကောင်းမွန်လှကြောင်း ဦးကျော်ဟိုးက ပြောပြပါသည်။

လမ်းလျှောက်ပြီးအိမ်သို့ ရောက်လျှင်လည်း ရေကိုအလျှင်စလိုမချိုးဘဲ ရေအဝသောက်ပြီးမှ ချွေးများကိုသုတ်ပြီး ချွေးတိတ်လျှင် ရေချိုးရန်နှင့်ရေချိုးသည့်အခါ ခြေဖျားမှ တဖြည်းဖြည်းရေလောင်း၍ ခြေသလုံး၊ ဒူးခေါင်း၊ပေါင်၊ ခါး၊ ကိုယ်လုံးကို ရေလောင်းရန်နှင့် မျက်နှာကို ပါးစပ်ကရေငုံ၍သစ်ရန်၊ ပြီးလျှင်သွားတိုက်ရန်တို့ကို ပညာပေးပြောပြပါသည်။ ရေကိုခေါင်းပေါ်မှ အရင်းလောင်းပါက အပူငုပ်တတ်ပြီး ဖျားနာတတ်ကြောင်းနှင့် သွေးဖုံးများ အပူကြွတက်၍ သွေးမျှာယိုင်နဲ့တတ်ကြောင်း ပြောပြသည်။

ရေကိုငုံ၍ မျက်စိများကို ရေဖြင့်ဖျန်းပေးပါက မျက်စိအမြင်သန်စေပြီး မျက်စိအတွင်းရှိ အညစ်အကြေးများ ကင်းစင်စေနိုင်ကြောင်း၊ နှာခေါင်းဖြင့်ရေရှူရှိုက်ပေးခြင်းဖြင့်လည်း နှာခေါင်းအတွင်းရှိ အညစ်အကြေးများကင်းစင်၍ လေကောင်းလေသန့်များကို ပိုမိုရရှိစေနိုင်ကြောင်း အကျယ်တဝင့်ပြောပြလေ့ရှိပါသည်။

ဦးကျော်ဟိုးနှင့်လမ်းလျှောက်ရသည်မှာ ပျော်ရွှင်ဖွယ်ရာ ကောင်းသလို ဗဟုသုတလည်းရရှိပါသည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး အခြေအနေပေးလျှင်ပေးသလို လမ်းလျှောက်ထွက်ကြပါသည်။ အထူးသဖြင့်"ဒီဇင်ဘာလ" အားကစားရာသီဥတုတွင် လူစုလူဝေးဖြင့် လမ်းလျှောက်ပွဲဆင်နွှဲရခြင်းသည်လည်း အလွန်ပျော်ရွှင်၊ ဝမ်းမြောက်၊ ကြည်နူးစရာကောင်းလှပါသည်။ ဦးကျော်ဟိုးသည် မကြာမီကျင်းပတော့မည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးကို ကြည့်ရှုအားပေးနိုင်ရန် နေပြည်တော်သို့သွားရန် အလွန်အင်မတန် စိတ်အားထက်သန်လျက်ရှိနေပါသည်။

ဦးကျော်ဟိုးတစ်ယောက် ကျွန်တော်နှင့်အတူ နံနက်တိုင်းလမ်းလျှောက်နေရာမှ သုံးရက်ခန့်ပျောက်ခြင်းမလှပျောက်နေပါသည်။ တစ်နေ့လမ်းလျှောက်ပြီး အိမ်သို့ပြန်၍ ကိုယ်လက်သန့်စင်စားသောက်ပြီး ဦးကျော်ဟိုးကိုသတိရသဖြင့် နေလို့မှကောင်းရဲ့လားဟူသော စိုးရိမ်စိတ်များဖြင့် သူ၏နေအိမ်သို့သတင်းသွားရောက် မေးမြန်းခဲ့ပါသည်။

ဦးကျော်ဟိုးအိမ်တွင် သူ၏မြေးလေးတစ်ယောက်ကို လွယ်အိတ်ကလေးဖြင့် တွေ့သဖြင့် "သမီး ဘယ်ကပြန်လာသလဲ"၊ "သမီးကျူရှင်ကျောင်းက ပြန်လာတာပါ ဘဘ" "သမီးဘိုးဘိုး အိမ်မှာရှိလားကွ၊ နေလို့ကောင်းရဲ့လား" "ဘိုးဘိုးနေကောင်းပါတယ်၊ ဒီအချိန်ဆိုရင်ဘိုးဘိုးက ကျန်းမာရေးကျူရှင် (Tuition) သွားယူတယ်လေ ဘဘရဲ့" "ကျွန်တော်အံ့အားသင့်သွားပါသည်။ နားလည်ရလည်းခက်သွားပါသည်။ ကျောင်းသားတစ်ယောက် ကျောင်းကစာတွေကို ပိုမိုနားလည်တတ်မြောက်နိုင်အောင် ကျူရှင် (Tuition) ယူသည်ကိုသာကြားဖူးပါသည်။ ကျန်းမာရေးကျူရှင် (Tuition) ယူသည်ကို ကျွန်တော်သဘောမပေါက်နိုင်ပါ။

"အေး အေး ဘဘ လာတယ်ပြောလိုက်၊ မနက်ဖြန်မနက်ကို လမ်းလျှောက်ရအောင် လာခဲ့ပါဦးလို့ ပြောလိုက်နော် သမီး" ဟုဆိုပြီး ပြန်ခဲ့သည်။

နောက်တစ်နေ့နံနက် လမ်းလျှောက်ထွက်စဉ် ဦးကျော်ဟိုးကိုပြုံးဖြီးဖြီးဖြင့် တွေ့လိုက်ရပါသည်။ "ဟော့လူ . . . ကျုပ်အိမ်လာတယ်ဆို"၊ "လာတာပေါ့ဗျ၊ ခင်ဗျားကိုမတွေ့ရတော့ နေထိုင်မကောင်းဖြစ်နေလားလို့ လာမေးတာ၊ ခင်ဗျား မြေးလေးက ကျန်းမာရေးကျူရှင် (Tuition) သွားတက်တယ်လို့ပြောတယ်"၊ "နေပါဦး ခင်ဗျားက မကြီးမငယ်နဲ့ ဘာစိတ်ကူးပေါက်ပြီး ကျန်းမာရေးကျူရှင် (Tuition)ဘယ်ကျောင်းမှာ တက်ရတာလဲ၊ ဒီလောက် ဒေါင်ဒေါင်မြည်ကျန်းမာရေးကောင်းနေရဲ့နဲ့၊ ကျွန်တော်နားမလည်လို့ရှင်းပြပါဦး"

"ဒီလိုလေဗျာ ကျွန်တော်တို့၊ ခင်ဗျားတို့တစ်တွေ ကျန်းမာရေးလိုက်စားလို့ နေကောင်းတယ်ဆိုပေမယ့် အိုရေး၊ နာရေး၊ သေရေး" အရေးသုံးပါးအတွက် မပြည့်စုံသေးဘူးဗျ၊ ကျွန်တော်တို့ ကိုယ်ခန္ဓာရဲ့ အရိုး၊ အကြော၊ ကြွက်သား၊ သွေးသားတွေ ပျော့ပျောင်းသန်မာလန်းဆန်းစေရေးနဲ့ ဦးနှောက်ကြည်လင်စေရေးတို့အတွက် ဝင်လေ၊ ထွက်လေကို စူးစိုက်မှတ်ခြင်းနဲ့ ပျံ့လွင့်နေတဲ့စိတ်အာရုံတွေကို ဝင်လေထွက်လေ နှာဝမှာစုစည်းပြီး အမှတ်ပြုတဲ့ "Meditation" ခေါ်တဲ့ တရားအားထုတ်ခြင်းကလည်း ကျန်းမာရေးအတွက် အရေးကြီးတယ်လေ၊ ကျွန်တော်တို့တစ်တွေ ခန္ဓာကိုယ်ရောဂါတွေရဲ့ ၆၀ နှင့် ၈၀ ရာခိုင်နှုန်းက စိတ်သောကတွေကို အခြေခံတာတွေ့ရတယ်၊ ဒီရောဂါတွေကို တရားအားထုတ်ခြင်းက ကောင်းစွာတုံ့ပြန်နိုင်တာကို တွေ့ရတယ်ဆိုတာ ကျွန်တော်လေ့လာချက်အရ သိရတယ်"။

ဒါကြောင့် တရားကျောင်းသွားပြီး တရားထိုင် တရားအားထုတ်လေ့ကျင့်ရတာကို ကလေးတွေနားလည်အောင် ဘဘ ကျန်းမာရေးကျူရှင် (Tuition)သွားယူဦးမယ်လို့ "ခပ်လွယ်လွယ်ပြောခဲ့တာဗျ"၊ "ခင်ဗျားလည်း လမ်းလျှောက် လေ့ကျင့်ခန်းယူရုံလောက်နဲ့ တင်းတိမ်မနေနဲ့၊ ကျွန်တော်နဲ့အတူလိုက်ပြီး ကျန်းမာရေးကျူရှင် (Tuition) ထပ်တက်ရဦးမယ်နော်"၊ ကျွန်တော်ပြန်ပြောချိန်မရလိုက်ပါ၊ ဦးကျော်ဟိုးသည် သူ၏ အိမ်ဆီသို့ ခပ်သုတ်သုတ်လေးထွက်ခွာသွားပါတော့သည်။ ။

> **ကိုယ်ကာယကြံ့ခိုင်သူ၊ စိတ်ပိုင်းရင့်ကျက်မှု၊ ဉာဏပိုင်းရှင်သန်မှုတို့ရှိနိုင်ပြီး "စိတ်ပျိုကိုယ်နု"၊ "နွားပျို သန်လှ၊ နွားအိုပေါင်ကျိုးသလောက်ရှိမပေါ့" ဟူ၍ ပြောစမှတ်ရှိကြသည်။ တကယ်တော့ အသက်ကြီးတိုင်းလည်း မအိုနိုင်ပါ။**

ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်လွှဲမောင်းနှင်ရာမှ တိုင်ကြားခံရခြင်းများ ဖြစ်နေ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့တတ်သည့်နေရာများကို ရှောင်လွှဲမောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်လိုင်းအချို့ တိုင်ကြားခံရခြင်းများရှိလာကြောင်း မထသ(ဗဟို)၏ စက်တင်ဘာ ၁၈ ရက်တွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"ကျွန်တော်တို့ဆီကို တိုင်ကြားမေးမြန်းလာတဲ့ဟာမှာ လမ်းပုံမှန်မပြေးတဲ့ကိစ္စလည်းအပါအဝင်ဖြစ်ပါတယ်၊ အခုဘုရင့်နောင်တံတားနေရာ အခက်အခဲတစ်ခုဖြစ်ပါတယ်၊ နောက်တစ်ခုက သံသုမာလမ်းနဲ့ ဝေဇယန္တာလမ်းတောင့်ပေါ့၊ ကြက်ဘဲဈေးကနေ ဟိုဘက်ဆင်းသွားရတဲ့နေရာ၊ အသွားအလာများတယ်၊ ၃၄ ကားတွေဟာ မင်းနန္ဒာလမ်းကနေလာပြီး ကျောက်တိုင်လည်းရောက်ရော တံတားတွင် ကားကျပ်နေလို့ ရှောင်လွှဲသွားကြတယ်၊ ကမာကြည်တံတားကနေ မဖြတ်ဘဲ ဟိုဘက်ကနေပတ်သွားတော့ သံသုမာဘက်က ခရီးသည်တွေအတွက် ပြဿနာမရှိပေမယ့် စုပေါင်းမှတ်တိုင်တို့၊ ကမာကြည် မှတ်တိုင်တို့ဘက်သွားမယ့်ခရီးသည်တွေကတစ်ဆင့် ပြန်ပြီးကားစီးရတော့ အခက်ခဲဖြစ်လို့ တိုင်ကြားလာတာတွေရှိပါတယ်" ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်ကပြောသည်။

ထိုတိုင်ကြားချက်အပေါ် မထသ(ဗဟို)မှ စိစစ်ကာ အချက် ၁၃၈ ချက်တွင်ပြဌာန်းထားသော ပြစ်ဒဏ်များနှင့်အညီ အရေးယူမှုများရှိနေကြောင်း သိရသည်။

မထသ(ဗဟို) စည်းကမ်းထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက "တိုင်ကြားချက်တစ်ခုစီတိုင်းမှာ မှတ်တမ်းတွေထားပြီးတော့ ဘယ်လိုအရေးယူသလဲဆိုတဲ့ မှတ်တမ်းတွေလည်းရှိပါတယ်၊ ကျွန်တော်တို့ဆီမှာ လာပြီးတော့ ကြည့်ရှုလေ့လာနိုင်ပါတယ်" ဟုဆိုသည်။ ထိုယာဉ်ကြောပိတ်ဆို့မှုများကြောင့် လမ်းပေါ်တွင် အချိန်မကုန်ဆုံးသင့်ဘဲ နာရီပေါင်းများစွာကုန်ဆုံးရခြင်းများရှိပြီး အချို့သောယာဉ်လိုင်းများသည် မီးပွိုင့်စောင့်ရင်း ခရီးသည်ခေါ်ယူရန်ရည်ရွယ်၍ မီးပွိုင့်မိစေရန် မောင်းနှင်နေခြင်းကြောင့် နေ့စဉ်လိုလိုရှစ်မိုင်မီးပွိုင့်တွင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်လောက် မီးပွိုင့်မိခြင်းများ ကြုံတွေ့နေကြောင်း မင်္ဂလာဒုံဘက်မှ ရန်ကုန်မြို့လယ်သို့ အလုပ်လာဆင်းသူများထံမှ သိရသည်။

"ရှေ့ကားက ပွိုင့်မှာခရီးသည်တင်ချင်တော့ ပွိုင့်မိအောင်တမင်လိမ့်ပြီးတော့သွားနေတော့ သူလည်းပွိုင့်မိသလို နောက်ကပါလာတဲ့ တခြားလိုင်းကားတွေလည်း ပွိုင့်မိတယ်၊ မြို့ထဲဘက်ကိုလာရင် အဆိုးဆုံးက ရှစ်မိုင်မှာပဲ၊ သူက လမ်းဆုံလည်းဖြစ်သလို တောင်ဥက္ကလာတို့၊ ဒဂုံဘက်တို့၊ လှိုင်သာယာဘက်တို့ကို ကားပြောင်းစီးမယ့်သူတွေ ဟိုဘက်ကနေလာပြီး မြို့ထဲဘက်ကိုပြောင်းစီးမယ့်သူတွေ အပြန်အလှန်ရှိနေတော့ လိုင်းကားတွေကလည်းပွိုင့်မိခံကြတယ်၊ အနည်းဆုံး နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်လောက်ကို နံနက်ပိုင်းရုံးလာရင် မီးပွိုင့်မိနေကျဖြစ်တယ်" ဟု ကိုယ်တိုင်ကြုံတွေ့နေရသူတစ်ဦးက ရှင်းပြသည်။

ထိုသို့ ယာဉ်ကြောပိတ်ဆို့ကာ ကြာရှည်ရပ်နားစောင့်ဆိုင်းရခြင်းများရှိလာသောကြောင့်လည်း ယခင်လို ခေါက်ရေပြည့် မဆွဲနိုင်ခြင်းများရှိကြောင်း ခရီးသည်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားခဲ့သည်။

ထက်ခိုင်(စမ်းချောင်း)

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့

နိုင်ငံတော်ကို ဝင်ငွေခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်သစ်ကို ပြုစုခြင်း၊ ပျိုးထောင်ခြင်း၊ ကျေးဇူးဆပ်ခြင်းဖြစ်ပေရာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်အတွက် နိုင်ငံတော်တစ်ဝန်းလုံးမှ နိုင်ငံတော်သို့ ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ကြသော လုပ်ငန်းရှင်ပေါင်း (၅၀၀) ၏အမည်စာရင်းကို ကြေငြာချက် ထုတ်ပြန်ရာတွင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သည် တစ်နိုင်ငံလုံးတွင် နံပါတ်(၁၂)မြောက် စာရင်းဝင်သည့်အပြင် ပုဂ္ဂလိကဘဏ်အပေါင်းတို့တွင်ကား တစ်နိုင်ငံလုံးတွင် နံပါတ်(၃) ဖြစ်ပါသဖြင့် အစစအရာရာ အောင်မြင်အောင် စီမံအုပ်ချုပ်သော ဘဏ်ဥက္ကဋ္ဌကြီး အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဒေါက်တာသန်းထွန်း (ကုံကော်ရွှေပြည်) အမှူးပြုသည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဘဏ်အမှုထမ်း အားလုံးတို့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း မေတ္တာသတင်းပေးပို့လိုက်ပါသည်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ
အစုရှယ်ယာဝင်များ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆော်ဒီအာရေဗျ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၂၃

၂၀၁၃ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဆော်ဒီအာရေဗျနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာအု(ဒ်) အယ်လ်ဖိုင် ဆယ်ဘင် အဗ္ဗဒူ(လ်) အဇစ် အယ်လ်ဆာအု(ဒ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

MNL CUP ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

တောင်ကြီး စက်တင်ဘာ ၂၂

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲ အုပ်စု ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(KBZ ကွင်း)

မကွေး - တစ်ဂိုး

Southern - တစ်ဂိုး

၂၀၁၃ MNL အမှတ်ပေးပြိုင်ပွဲမှာ ပြည်တွင်း ကစားသမားများနှင့် ယှဉ်ပြိုင်နေသည့် Southern အသင်းမှာ ယခုပြိုင်ပွဲတွင် ထူးထူးခြားခြား ကစားပြနိုင်ခြင်းမရှိခဲ့ပေ။ မကွေးအသင်းမှာ လူမစုံသော်လည်း ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ၅၉ မိနစ်တွင် စိုးမင်းနိုင်က ဦးဆောင်ဂိုးစတင်သွင်းယူခဲ့သည်။ Southern အသင်းအတွက် ချေပဂိုးကို ၇၉ မိနစ်တွင် ရန်နိုင်ထွေးက သွင်းယူခဲ့သည်။

(YUSC ကွင်း)

ဇွဲကပင် - တစ်ဂိုး

ဟံသာဝတီ - ဂိုးမရှိ

(ပဒုမ္မာကွင်း)

ရောဝတီ - ဂိုးမရှိ

မနောမြေ - ဂိုးမရှိ

(ဗထူးကွင်း)

ရတနာပုံ - ငါးဂိုး

ရခိုင် - နှစ်ဂိုး

ပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(ချစ်ကိုကို)

❍ လျှောင်လှုပ်ခတ်မှုမှ

လျှောင်လှုပ်ခတ်မှုကြောင့် စက်တင်ဘာ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ပြည်သူ့ဆောက်လုပ်ရေးမှ တိုင်းအင်ဂျင်နီယာ ဦးအောင်သင်းနှင့်အဖွဲ့၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်းနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခင်ဦး-စိုးဝေ)

ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် **(ယာပုံ)**သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင်နေပြည်တော် ပျဉ်းမနားမြို့နယ် ဆိတ်ဖူးတောင် ကျေးရွာသို့ သွားရောက်၍ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသည့် ကျေးလက်ဒေသ ကျန်းမာရေးဌာနခွဲ၊ ကျေးရွာသောက်သုံးရေရရှိရေး တောင်ကျချောင်းရေမှ သွယ်တန်းထားသော ရေသွယ်ပိုက်တို့ကို ကြည့်ရှုပြီး ကျေးရွာအတွက် Sky Net ရုပ်သံလိုင်းဖမ်းစက် ပေးအပ်လှူဒါန်းသည်။

ထို့နောက် အောင်ဘိသိတ်ကျေးရွာ၊ ဘို့မသံတောင်ကျေးရွာ၊ နန့်လွင်စန်းကျေးရွာနှင့် ဝေသာလီကျေးရွာတို့သို့ သွားရောက်ပြီး ဒေသခံ ရွာသူရွာသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြဒါးချောင်းကျေးရွာ၌ ဒေသခံရွာသူရွာသားများနှင့်တွေ့ဆုံပြီး မိမိတို့ဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန်နှင့် ပြည်သူ့ဘဝ၊ ပြည်သူ့အသံကို တိုက်ရိုက်ထိတွေ့သိရှိနိုင်ရန် ယခုကဲ့သို့ ကျေးရွာအရောက် ကွင်းဆင်းခြင်းဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာ အဓိကလိုအပ်ချက်

များမှာ တူညီမှုမရှိနိုင်ပါကြောင်း၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး ၂၀၁၅ ခုနှစ်အတွင်း ကျေးလက်ဒေသဆင်းရဲမှု ၁၆ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း၊ ကျေးလက်နေပြည်သူများ၏ အဓိကအလုပ်အကိုင်မှာ လယ်ယာလုပ်ငန်းဖြစ်ပြီး လက်လုပ်လက်စား အလုပ်သမားအချို့သည်လည်း ယင်းလယ်ယာလုပ်ငန်းများ အပေါ်တွင် မှီခိုအားထားနေရသည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အပြန်အလှန် အကျိုးပြုသည့်အတွက် ဘက်စုံစိုက်ပျိုးမွေးမြူရေးကို မဖြစ်မနေ တွဲဖက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြင့် မိသားစုဝင်ငွေတိုးတက်ရရှိလာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်စေကြောင်း၊ ထို့အပြင် သား၊ ငါး၊ နို့နှင့် ဥများ စားသုံးခြင်းဖြင့် ကျန်းမာ၊ ကြံ့ခိုင်၊ ဉာဏ်ရည်မြင့်မားသော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်မှာဖြစ်ပါကြောင်း၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စိတ်ပါဝင်စားသော ဒေသခံရွာသူရွာသားလူငယ်များစုစည်း၍ သင်တန်းများပေးခြင်း၊ မွေး၊ ရေ/ကျေးလက် လူငယ်များအဖြစ် ဖွဲ့စည်းပြီး မိမိတို့ဝန်ကြီးဌာနနှင့် ကျေးရွာအထောက်အကူပြုကော်မတီတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတ၏လက်ဆောင် ဆိုလာမီးအိမ်နှင့် Sky Net ရုပ်သံလိုင်း ဖမ်းစက်တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂမုန်းတောင်ကျေးရွာ ကျန်းမာရေးဌာနခွဲကို ကြည့်ရှုကာ ဒေသခံရွာသူရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး မီးဖိုချောင်သုံး ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယ-မြန်မာနယ်စပ် တမူးဒေသတွင် အသေးစားကုန်သည်လုပ်ငန်းရှင်များအတွက် ITC ကတ်ဖြင့် ကျပ်သန်းပေါင်း ၁၂၀၀ ကျော်အထိ ကုန်သွယ်ခွင့်ပြု

တမူး စက်တင်ဘာ ၂၂

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းအား သုံးစွဲသူ စားသုံးသူ အကာအကွယ်ပေးနိုင်ရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ ရရှိရေး၊ တရားဝင်လမ်းကြောင်းပေါ်တွင် ကုန်သွယ်နေမှုများကို အကာအကွယ်ပေးနိုင်ရေး၊ အသေးစား၊ အလတ်စား ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်နေမှုများကို အကာအကွယ်ပေးနိုင်ရေးတို့အတွက် အိန္ဒိယ-မြန်မာ နယ်စပ်ဒေသ တမူးကုန်သွယ်ရေးစခန်းတွင် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်ကတ် (ITC) များ ထုတ်ပေး၍ ကုန်သွယ်မှု ပိုမိုတိုးမြင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က အိန္ဒိယ-မြန်မာ နယ်စပ်ဒေသရှိ အသေးစားလုပ်ငန်းရှင်ကုန်သည်များအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှမ်းကွာဝေးသည့် ကန့်သတ်ချက်များရှိခဲ့သဖြင့် ဒေသခံကုန်သည်များအတွက် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရသည်။ အသေးစားကုန်သည်များအနေဖြင့် တစ်ပိုင်တစ်နိုင် ပို့ကုန်သွင်းကုန် လုပ်ငန်းများကို မဆောင်ရွက်နိုင်ခဲ့ပေ။

ယခုအခါ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ စတင်၍ အိန္ဒိယ-မြန်မာ နယ်စပ် တမူးဒေသရှိ ကုန်သည်ကြီး/ ငယ်များအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တရားဝင်လမ်းကြောင်းမှန်ဖြင့် လုပ်ကိုင်ဆောင်ရွက်လာနိုင်ရန်၊ တရားဝင်ကုန်သွယ်မှု အတွေ့အကြုံ တဖြည်းဖြည်း ရရှိလာစေရန် ရည်ရွယ်၍ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်ကတ် (ITC)များကို ခွင့်ပြုထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်ကတ် (ITC) ကို မြန်မာတစ်နိုင်ငံလုံးတွင် အိန္ဒိယ-မြန်မာ နယ်စပ် တမူးဒေသတွင် စတင်စမ်းသပ်ခွင့်ပြုထုတ်ပေးခဲ့ပြီးမှ နိုင်ငံတစ်ဝန်းရှိကုန်သွယ်ရေးစခန်းများသို့ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ITC ကတ်တွင် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ အသေးစားကုန်သည်များအနေဖြင့် ကုမ္ပဏီထူထောင်စရာမလိုဘဲ မိမိတို့တတ်နိုင်သည့် ကိုယ်ပိုင်အရင်းအနှီးဖြင့် တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် လုပ်ကိုင်ဆောင်ရွက်လာနိုင်ကြသည်။ အိန္ဒိယ-မြန်မာနယ်စပ် တမူးဒေသကုန်သွယ်ရေးစခန်းသည် တစ်နိုင်ငံလုံးရှိကုန်သွယ်ရေးစခန်းများနှင့်နှိုင်းယှဉ်ပါက ITC ကတ် အများဆုံးထုတ်ပေးနိုင်သည့်ဒေသဖြစ်ပြီး စတင်ထုတ်ပေးသည့်နေ့မှစ၍ ယနေ့ထိမြန်မာကျပ်ငွေသန်းပေါင်း ၁၂၀၀ ကျော်အထိ ခွင့်ပြုထုတ်ပေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တမူးနယ်စပ်ဒေသတွင် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်ကတ် လျှောက်ထားရာ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အမှန်တကယ်နေထိုင်သူဖြစ်ပြီး အိမ်ထောင်စုဇယားမိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မိတ္တူ၊ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မိတ္တူ တင်ပြနိုင်ရန်လိုအပ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မည်သူမဆို ပို့ကုန်သွင်းကုန်လုပ်ငန်းများကို တရားဝင်မှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ITC ကတ် စတင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ခွင့်ပြုထားကာ မှတ်ပုံတင်ကြေးငါးသောင်းပေးသွင်းရမည်ဖြစ်ပြီး သက်တမ်းတိုးဆောင်ရွက်ရာတွင် ငါးသောင်းကျပ် ထပ်မံပေးသွင်းရမည်ဖြစ်သည်။

"အသေးစား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကုန်သည်တွေအနေနဲ့ လက်ရှိအခြေအနေမှာ သာမန်အားဖြင့် တစ်ရက်ကို ကျပ် ၁၀ သိန်းဖိုးထိလုပ်ကိုင်ခွင့်ရှိပါတယ်။ တစ်ရက်ကျပ် ၁၀ သိန်းဖိုးဆိုတာ လုပ်ကိုင်သူတွေအနေနဲ့ တစ်ရက်ကိုအများဆုံးတန်ဖိုးလုပ်ကိုင်ဆောင်ရွက်နိုင်အောင် သတ်မှတ်ပေးခြင်းသာဖြစ်ပါတယ်။ တစ်ရက်ကို ၁၀ သိန်းဖိုးပြည့်မှမဟုတ်ဘဲ တတ်နိုင်သလောက်လုပ်ကိုင်ဆောင်ရွက်နိုင်ပါတယ်။ စုဆောင်းခွင့်အနေနဲ့ ငါးရက်သတ်မှတ်ထားပြီး တစ်ပြိုင်တည်းသိန်း ၅၀ဖိုးစုဆောင်းလုပ်ကိုင်နိုင်ပါတယ်။ သက်တမ်းကိုလည်း တစ်ပတ်ခွင့်ပြုပေးထားပါတယ်။ သိန်း ၅၀ ဖိုးဆိုတဲ့နေရာမှာ ငါးရက်အတွင်း အလီလီအကြိမ်ကြိမ် ခွဲခြားလုပ်ကိုင်နိုင်ပါတယ်။ တတ်နိုင်သလောက် တန်ဖိုးငွေအနည်းဆုံးပမာဏကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါတယ်။ ယခင်က ကုမ္ပဏီထူထောင်နိုင်မှဆိုတာကို ဖြေလျှော့ပြီး တစ်နှစ်အတွက် ငါးသောင်းဆိုတာ ခေတ်ကာလကုန်သွယ်မှုတန်ဖိုးတွေအရ ဆောင်ရွက်နိုင်မယ်ထင်ပါတယ်။ ကုန်သွယ်မှု တရားဝင်လမ်းကြောင်းပေါ်ရောက်အောင် ဆောင်ရွက်ပေးတာလည်းဖြစ်ပါတယ်" ဟု ကုန်သွယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တမူးကုန်သွယ်ရေးစခန်း ညွှန်ကြားရေးမှူး ဦးသောင်းနိုင်က ရှင်းပြသည်။

"လက်ရှိ ကုန်သွယ်မှုအနေအထား (သို့) တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်ကတ်အကြောင်းကို ကုန်သည်ကြီးတွေတင်မဟုတ်ဘဲ ကုန်သည်ငယ်တွေ၊ အများပြည်သူနဲ့ အများဆုံးထိတွေ့ဆက်ဆံနေရတဲ့ ကားဂိတ်မှူးတွေ စသည်ဖြင့် အောက်ခြေအထိ ထဲထဲဝင်ဝင် ထိထိရောက်ရောက် အသိပညာပေးစေချင်ပါတယ်၊ ဒါမှလည်း တရားမဝင် ကုန်သွယ်ရင် ဘာကြောင့်ဖမ်းဆီးရတယ်၊ တားမြစ်ရတယ်ဆိုတာကို ဒေသခံပြည်သူတွေနဲ့ နိုင်ငံတစ်ဝန်းကပြည်သူတွေ သဘောပေါက်နားလည်လက်ခံပြီး တရားမဝင်ကုန်သွယ်မှုတွေ ပပျောက်အောင်ဆောင်ရွက်နိုင်မယ်လို့ ထင်တယ်" ဟု အသေးစားကုန်သည်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

(မောင်ဖိုးဇော်)



တရားဥပဒေစိုးမိုးရေး (Rule of Law)

မော်ကွန်း

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး(Rule of Law)ရှိမှ နိုင်ငံတော်တွင် အေးချမ်းသာယာပြီး ပြည်သူအများ စိတ်ချမ်းသာကြမည်ဖြစ်ပေသည်။ နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် မည်သူ့တွင်တာဝန်ရှိသနည်း။ ဤမေးခွန်းနှင့်ပတ်သက်၍ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအချို့မှ ပါတီခေါင်းဆောင်အချို့နှင့် သတင်းမီဒီယာအချို့တို့က တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးခွင့်ရရှိနေသော တရားသူကြီးများအနေဖြင့် တရားဥပဒေစိုးမိုးရေးတာဝန်ကို အလေးဂရုမပြုသဖြင့် တရားရေးမဏ္ဍိုင်ယိမ်းယိုင်နေပြီး တရားသူကြီးအချို့၏ အဂတိလိုက်စားမှုရှိနေခြင်းကြောင့် တရားရုံးများကို စောင့်ကြည့်ဖို့ အဖွဲ့ဖွဲ့စည်းရမည်ဟု ပြောသံဆိုသံများလည်း ကြားနေရပါသည်။

စာရေးသူသည် ဝါသနာအလျောက် ဥပဒေများကို လေ့လာဖတ်ရှုသူတစ်ဦးဖြစ်ပါသည်။ မိမိလေ့လာတွေ့ရှိသမျှ တရားစီရင်ရေးနယ်ပယ်တွင် တရားသူကြီးများအနေဖြင့် တရားစီရင်ရာ၌ တရားမ တရားစီရင်ရေးနှင့် ရာဇဝတ်တရားစီရင်ရေးဟု နှစ်မျိုးနှစ်စားခွဲခြားစီရင်ရသည်ဟု လေ့လာတွေ့ရှိရပါသည်။ တရားမ တရားစီရင်ရာတွင် ပါဝင်သက်ဆိုင်သူများမှာ အမှုသည်များ(တရားလို၊ တရားပြိုင်) ယင်းအမှုသည်များမှ ငှားရမ်းသော ရှေ့နေရှေ့ရပ်များနှင့် တရားသူကြီးများဖြစ်ပါသည်။ ရာဇဝတ်တရားစီရင်ရေးတွင် ရာဇဝတ်မှုများကို စတင်ကိုင်တွယ်ရသော ရဲတပ်ဖွဲ့ဝင်များ၊ အမှုသည်များ(တရားလို၊ တရားခံ)၊ ဥပဒေအရာရှိများ၊ အမှုသည်များက ငှားရမ်းထားသည့် ရှေ့နေရှေ့ရပ်များနှင့်တရားသူကြီးများ ပါဝင်ပါသည်။ သို့ဖြစ်ရာ တရားမ တရားစီရင်ရာတွင်လည်းကောင်း၊ ရာဇဝတ်တရားစီရင်ရာတွင်လည်းကောင်း ဖော်ပြပါပုဂ္ဂိုလ်များသည် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများ ဖြစ်လိမ့်မည်ဟုယူဆရပါသည်။ အဘယ်ကြောင့်ဆိုသော် တရားမမှုတွင်ဖြစ်စေ၊ ရာဇဝတ်မှုတွင်ဖြစ်စေအမှုသည်များသည် မိမိဘက်က အနိုင်ရယူလိုသော စိတ်ဆန္ဒကြောင့် ဥပဒေကခွင့်မပြုသော နည်းလမ်းများကို ကျင့်သုံးလေ့ရှိကြပါသည်။ ရှေ့နေရှေ့ရပ်(အားလုံးကိုမဆိုလိုပါ) များအနေဖြင့်လည်း မိမိစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းရန် တာဝန်ရှိသော်လည်း အမှုသည်ကိုနည်းလမ်းမမှန်သော အကြံပြုချက်များ ပေးသည်များရှိကြောင်း ကြားရပါသည်။ အချို့သော ရှေ့နေရှေ့ရပ်များသည် တရားရုံးတွင်အမှုလိုက်ခြင်းအပြင် တိုင်စာများကို အခကြေးငွေလက်ခံ၍ ရေးပေးသည်ဟု ကြားရပါသည်။ ရှေ့နေများလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို ဖောက်ဖျက်ရာရောက်ပါသည်။ ရာဇဝတ်မှုများတွင် အမှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာရဲစခန်းသို့ သွားရောက်တိုင်ကြားရပါသည်။ ရဲစခန်းကလည်း လာရောက်တိုင်တန်းသောအမှုသည် ရဲအရေးပိုင်သော အမှုမျိုးနှင့် အကျုံးဝင်ပါက ပထမသတင်းပေးချက်(F.I.R) ရေးဖွင့်၍ အမှုကိုစုံစမ်းစစ်ဆေးရပါမည်။ သို့ရာတွင် ရဲစခန်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြ၍(F.I.R)ကို ချက်ချင်းရေးဖွင့်ခြင်းမပြုသည်ကိုလည်း ကြားနေရပါသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတွင် တာဝန်ရှိသော ရဲတပ်ဖွဲ့အနေဖြင့် ရာဇဝတ်မှုဖြစ်၍ တိုင်တန်းသည်ကို အချိန်မဆွဲဘဲ ဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရာရောက်ပါသည်။ (F.I.R) ရေးဖွင့်ပြီး အမှုနှင့်သက်ဆိုင်သော သက်သေများစစ်ဆေး၍ အမှုကို မည်သည့်ဥပဒေပုဒ်မတပ်၍ တရားရုံးတွင်တရားစွဲတင်ပို့သင့်ကြောင်း အမှုကိုင်တွယ်သော ရဲအရာရှိက ဥပဒေအရာရှိ၏ သဘောထားမှတ်ချက် တောင်းခံရပါသည်။ ဤအဆင့်တွင်လည်း အချို့သော ဥပဒေအရာရှိများအနေဖြင့် မမှန်မကန်သော နည်းလမ်းများကျင့်သုံးမှုရှိသည်ဟု ကြားရပါသည်။ ဥပဒေအရာရှိ၏ သဘောထားမှတ်ချက်ရယူပြီးမှ သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲတင်ရမည်ဖြစ်ပါသည်။ ဤဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုလျှင် တရားစီရင်ရာတွင် မှန်ကန်သည့်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် တရားသူကြီးတွင်သာမက အမှုသည်များ၊ ရှေ့နေရှေ့ရပ်များ၊ ရာဇဝတ်မှုဆိုပါက အမှုကိုင်တွယ်သောရဲနှင့် ဥပဒေအရာရှိများတွင်လည်း တာဝန်ရှိမည်ဟု ပေါ်လွင်လာသည်။

တရားသူကြီးများသည် အမှုများကိုစစ်ဆေးရာတွင် သတ်မှတ်ထားသော ဥပဒေများနှင့်အညီသာ စစ်ဆေးစီရင်ရပါသည်။ တရားမမှုစစ်ဆေးသည့်အခါ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေဘောင်အတွင်းက လည်းကောင်း၊ ရာဇဝတ်မှုစီရင်ရာတွင် ရာဇဝတ်ကျင့်ထုံးများ၊ သက်သေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသော်လည်းကောင်း စစ်ဆေးစီရင်ရပါသည်။ ယင်းဥပဒေများကို လျစ်လျူရှုပြီး ဆင်ခြင်တုံတရားရှေ့တန်းတင်၍ လည်းကောင်း၊ ပြည်သူ့အသံနားထောင်ပြီး ကိုယ်ချင်းစာတရားထားရှိ၍ လည်းကောင်း အမှုကို စီရင်ဆုံးဖြတ်ပါက မှန်ကန်လိမ့်မည်ဟု မယုံကြည်နိုင်ပေ။ တရားသူကြီးများအနေဖြင့် အမှုကိုစီရင်ဆုံးဖြတ်ရာတွင် သက်သေခံဥပဒေအရ သတ်မှတ်သည့် သက်သေခံချက်များ (Admissible Evidence)အပေါ် အဓိကအခြေခံ၍ စီရင်ဆုံးဖြတ်ပါသည်။ တိုက်ရိုက်သက်သေခံချက် (Direct Evidence) ဖြစ်ရပါမည်။ တစ်ဆင့်ကြား သက်သေခံချက်(Hearsay Evidence)ကို သာမန်အားဖြင့် လက်မခံရပါ။

သို့ဖြစ်ရာ တရားဥပဒေစိုးမိုးရေးအတွက် တရားရေးမဏ္ဍိုင်မယိမ်းယိုင်စေရန် တရားသူကြီးများအား ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသော အဖွဲ့အစည်းများက အမြဲတစေကြပ်မတ်ကွပ်ကဲခြင်း၊ ဥပဒေအရာရှိများနှင့် အမှုကိုင်တွယ်စစ်ဆေးသော ရဲအရာရှိများကို သက်ဆိုင်ရာဌာနအကြီးအကဲများက ကြပ်မတ်ကွပ်ကဲခြင်း၊ ရှေ့နေရှေ့ရပ်များကိုလည်း မိမိတို့၏ကျင့်ဝတ်သိက္ခာနှင့်အညီ အမှုများကို လိုက်ပါဆောင်ရွက်ရန် မြန်မာနိုင်ငံရှေ့နေများ ကောင်စီကလိုအပ်သလို ကြပ်မတ်ကွပ်ကဲခြင်းများပြုခြင်းဖြင့် တရားရေးမဏ္ဍိုင်တွင် တရားဥပဒေစိုးမိုးရေး (Rule of Law)ရှိလာလိမ့်မည်ဟု ယူဆပါသည်။ ကြပ်မတ်ကွပ်ကဲမှုအားနည်းပါက တရားစီရင်ရေးမဏ္ဍိုင် ယိမ်းယိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တရားစီရင်ရေးစနစ်တွင်(Common Law System)ကို အခြေခံလက်ခံကျင့်သုံးပါသည်။ ယင်းစနစ်တွင် (Delay Defeats Equity)ဟု ဆိုရိုးရှိကြောင်း လေ့လာရပါသည်။ ဆိုလိုသည်မှာ အကြောင်းမဲ့အမှုများကို ကြန့်ကြာအောင်ပြုလုပ်ထားခြင်းသည် တရားမျှတမှုကို ဆုံးရှုံးစေသည့်သဘောဖြစ်ပါသည်။ သို့ဖြစ်ရာ တရားသူကြီးများသည် အမှုကိုအကြောင်းမဲ့ အချိန်မဆွဲဖို့လိုပါမည်။ ယင်းသို့သောကိစ္စမျိုးရှိ၊ မရှိကြီးကြပ်ကွပ်ကဲရန် အဆင့်မြင့်တရားရေးအဖွဲ့များတွင် တာဝန်ရှိပါသည်။

> **ဓားသွားထက် ကလောင်သွားက ပို၍ထက်သည်ဟု အဆိုစကားရှိသည့်အလျောက် ပြည်ထောင်စုအစိုးရက ဒီမိုကရေစီနိုင်ငံ ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါသမယတွင် ဒီမိုကရေစီနိုင်ငံ ထူထောင်မှုကို လိုလားကြသည့် သတင်းမီဒီယာသမားများကလည်း အများပြည်သူ အမြင်စောင်းစေသည့် ရေးသားမှုမျိုးကို ရှောင်ရှားသင့်ပြီး ဒီမိုကရေစီအသီးအပွင့်များ ပေါ်ပေါက်လာဖို့ ရည်ရွယ်ချက်ကောင်းများ ရှိသင့်သည်ကို အကြံပြု။**

စာရေးသူလေ့လာမိသလောက် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး (Rule of Law)ရရှိစေရန် ဗဟိုအဆင့် လွှတ်တော်အသီးသီးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် လည်းကောင်း၊ ဗဟိုအဆင့်အစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အစိုးရများတွင် လည်းကောင်း တာဝန်ရှိမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်သူအများတွင်လည်း တာဝန်ရှိပါသည်။ နိုင်ငံတော်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လွှတ်တော်အသီးသီးက လည်းကောင်း၊ အစိုးရအဖွဲ့များက လည်းကောင်း၊ ပြည်သူများကလည်းကောင်း လိုက်နာကျင့်သုံးကြမှသာ တရားဥပဒေစိုးမိုးရေး မလွဲမသွေရရှိမည်ဖြစ်ပါသည်။

လွှတ်တော်များအနေဖြင့် ဥပဒေများကို ပြဋ္ဌာန်းရာတွင် နိုင်ငံတော်၏ အခြေခံအုတ်မြစ်ဟုဆိုရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေဘောင်များအတွင်းမှသာ ပြဋ္ဌာန်းပေးခြင်း၊ ဆွေးနွေးဆုံးဖြတ်ပေးခြင်းများ ပြုရန် တာဝန်ရှိပါသည်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား(Impeachment) စွဲချက်တင်ပြစ်တင်မှုပြုလုပ်သည့်ကိစ္စ၊ လွှတ်တော်ဥပဒေများ ပြင်ဆင်ခြင်းကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှ ပြန်လည်ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်သည့် ကိစ္စများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ အလေးအနက် စဉ်းစားသင့်သည်ဟု ယူဆပါသည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း လွှတ်တော်အတွင်း၌ဖြစ်စေ၊ လွှတ်တော်ပြင်ပ၌ဖြစ်စေ ဆွေးနွေးပြောကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကိုးအကားပြု၍ ပြောကြားသင့်ပါသည်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးက **"ပြည်ထောင်စုလွှတ်တော်၏ အထက်တွင် မိုးကောင်းကင်ကြီးသာရှိသည်ဟု ဟစ်ကြွေးပြောကြားသည်ကို လွှတ်တော်ကိုယ်စားလှယ်များက လက်ခုပ်သြဘာပေးကြသည်"**ဟု ဂျာနယ်အချို့တွင် ပါရှိကြောင်း သိရပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများ၏ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေဖြစ်ပါသည်။ ဤဥပဒေပြဋ္ဌာန်းချက်များအရ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဖြင့် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များ ရွေးကောက်ခံခဲ့ခြင်းဖြစ်ပါသည်။ ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်သည်လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ဖြင့် လွှတ်တော်အမတ်ဖြစ်လာသူတစ်ဦး ဖြစ်ပါသည်။ အကယ်၍သာ ပြည်သူအများဆန္ဒဖြင့် အတည်ပြုထားသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်ခဲ့ပါက ဖော်ပြပါပုဂ္ဂိုလ်သည်လည်း လွှတ်တော်အမတ်ဖြစ်လာမည်မဟုတ်ပါ။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူများသည်သာ ပြည်ထောင်စုလွှတ်တော်၏ အထက်တွင် ရှိမည်ဟု သုံးသပ်ရရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်" ဟု ပြဋ္ဌာန်းထားသည့် အခြေခံမူအား မှတ်သားသင့်လှပေသည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကို နိုင်ငံတော်သမ္မတက ခန့်အပ်သည့်အတွက် သမ္မတ၏ သြဇာခံများဖြစ်သည့်သဘော ပြောကြောင်း ကြားသိရပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်ပိုင်ခွင့်မရှိပါ။ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ခန့်အပ်ခွင့်ရှိပါသည်။ ထို့ကြောင့် လူအများရှေ့တွင် မှန်ကန်စွာ ပြောဆိုတတ်ရန် အခြေခံဥပဒေကို မလေ့လာဘဲ မဖြစ်နိုင်ကြောင်း သိသာပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ရှေ့နေချုပ် ခန့်အပ်သည့်ကိစ္စတွင် ဝန်ကြီးချုပ်က အမည်တင်သွင်းသော တရားလွှတ်တော်ရှေ့နေတစ်ဦးကို နိုင်ငံတော်ရှေ့နေချုပ်အဖြစ် သမ္မတက ခန့်အပ်ပေးရမည်ဖြစ်ပါ သည်။ ပါလီမန်၏ သဘောတူညီချက် ရယူရန်မလိုပါ။ ယင်းရှေ့နေချုပ်သည် ဝန်ကြီးချုပ်တာဝန်မှနုတ်ထွက်ပါက ၎င်းပါနုတ်ထွက်ရပါသည်။ နိုင်ငံတော်တရားသူကြီးချုပ် (Chief Justice of the Union) တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်ဆိုင်ရာ တရားဝန်ကြီးများ (Judges of the Supreme Court and High Court)ကိုမူ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေး၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်ပါသည်။ ဤသည်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတို့၏ ကွဲပြားသော အချက်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုတရားသူကြီးချုပ်ကိုလည်း ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ခန့်ပိုင်ခွင့်ရှိပါသည်။ ထို့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကို ခန့်အပ်ရာတွင်လည်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်းပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီးမှ နိုင်ငံတော်သမ္မတက ခန့်အပ်နိုင်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်ထားခြင်းကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီမှခန့်ထားနိုင်သည် ဖြစ်၍ သမ္မတ၏သြဇာသက်ရောက်ခြင်း ရှိနိုင်မည်မဟုတ်ဟု ယူဆရပါသည်။ တစ်ဆက်တည်း ဖော်ပြလိုသည်မှာ သမ္မတက ထိုသို့ခန့်လိုက်သော တရားသူကြီးချုပ်၏ တရားစီရင်ခွင့်ကို သမ္မတက ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ နှင့် တရားစီရင်ရေးမူများတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

လွှတ်တော်အသီးသီးတို့မှ ကိုယ်စားလှယ်တို့သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ကတိသစ္စာပြုထားသူများဖြစ်ရာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိလိုက်နာကြရန် တာဝန်ရှိသည်ဟုယူဆပါသည်။ ယင်းကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလိုက်နာပြီး ဥပဒေပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည်လည်း တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးရာရောက်ပါသည်။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင်တစ်ရပ်ဖြစ်သော အုပ်ချုပ်ရေးဆိုင်ရာ အာဏာကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက နိုင်ငံတော်၏အုပ်ချုပ်ရေးအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ပါဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းထားရှိပါသည်။ ယင်းပြည်ထောင်စုအစိုးရအဖွဲ့သည်လည်း နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိပါသည်။ စာရေးသူလေ့လာတွေ့ရှိသည်မှာ နိုင်ငံတော်သမ္မတသည် အမှားကို မှားမှန်းသိသည့်အခါ ယင်းအမှားကို ပယ်ဖျက်ဆောင်ရွက်ဝံ့သော သတ္တိရှိသူဖြစ်ကြောင်း တွေ့ရပါသည်။ နိုင်ငံတော်သမ္မတသည် (Road Transport Authority)ကို ဖွဲ့စည်းသော အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ရာ အဆိုပါအမိန့်ထုတ်ပြန်ရန် မသင့်ကြောင်း သုံးသပ်တွေ့ရှိချိန်တွင် အဆိုပါအမိန့်ကို ထုတ်ပြန်ကြေညာပြီး မကြာမီပယ်ဖျက်လိုက်ကြောင်းတွေ့လိုက်ရသည်။ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိုလည်း ပြည်သူ့ဆန္ဒနှင့်အညီ မိမိသက်တမ်းအတွင်း ရပ်ဆိုင်းထားခဲ့သည်။ ပြည်ထောင်စုအစိုးရအဖွဲ့ရှိ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း မိမိဝန်ကြီးဌာနက ကိုင်တွယ်ကျင့်သုံးနေသော ဥပဒေများကို တိကျသေချာစွာ လိုက်နာအကောင်အထည်ဖော်ကြခြင်းဖြင့် တရားဥပဒေစိုးမိုးရေးတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရာရောက်ပါသည်။

နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာသမားများသည်လည်း နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော ကိစ္စအဝဝကို ရေးသားဖော်ပြရာတွင် မှန်ကန်တိကျစွာ ရေးသားဖော်ပြကြခြင်းဖြင့် တရားဥပဒေစိုးမိုးရေး (Rule of Law)ကို အထောက်အကူပြုရာ ရောက်လိမ့်မည်ဟု ယူဆပါသည်။ ယခုအချိန်ကာလတွင် လွှတ်တော်များသည် လည်းကောင်း၊ နိုင်ငံတော်သမ္မတဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့သည် လည်းကောင်း နိုင်ငံတော်ကို စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ဖြစ်ရန် ဘက်စုံကြိုးစားဆောင်ရွက်နေကြသည်ကို အများပြည်သူတို့က သိရှိနေပြီဖြစ်ပါသည်။ ပြည်ပအစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဤသို့ပင် လက်ခံထားရှိသည့်ကာလဖြစ်ပါသည်။ ဤအခြေအနေတွင် သတင်းမီဒီယာသမားများက ရေးသားဖော်ပြရာတွင် စကားလုံးအသုံးအနှုန်းများကအစ တိကျမှန်ကန်စွာ ဖော်ပြသင့်ပါသည်။ သို့ရာတွင် စာရေးသူဖတ်ရှုရသည့် သတင်းစာတစ်စောင်တွင်ပါရှိသော ဆောင်းပါးတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် ပတ်သက်၍ **"တပ်မတော်အစိုးရကတော့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန် သဘောထားပေးထားသည်"**ဟု လည်းကောင်း၊ **"ယခုလည်း တပ်မတော်အစိုးရပိုင်းမှာ အများစုက ယင်းတို့ရေးဆွဲထားသော ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုံသဏ္ဌာန်ကို တွယ်ဖက်ထားပြီး လိုအပ်သော ပြောင်းလဲမှုများသာ လုပ်သွားရန် ဖော်ညွှန်းထားသည်"** ဟုလည်းကောင်း ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။ ယနေ့နိုင်ငံတော်ကို အုပ်ချုပ်နေသည်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော **ပြည်ထောင်စုအစိုးရ** ဖြစ်ပါသည်။ တပ်မတော်အစိုးရ မဟုတ်တော့သည့်အလျောက် အများပြည်သူက အမြင်လွဲမှားမှုများ ပေါ်ပေါက်ရန် ဆောင်ရွက်သင့်ဟု ယူဆပါသည်။ ထို့အပြင် ဖော်ပြပါသတင်းစာ၏ ဆောင်းပါးတစ်ခုတွင် **ပြည်ထောင်စုအစိုးရ**ဟု ရေးသားဖော်ပြသင့်သော်လည်း **"တပ်မတော်အရပ်သားအသွင်ဆောင်အစိုးရ"** ဟု ရေးသားထားသည်ကို ဖတ်ရှုရပါသည်။ ဤသို့ရေးသားဖော်ပြခြင်းကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော **ပြည်ထောင်စုအစိုးရ** အပေါ် အထင်အမြင်လွဲမှားစေနိုင်ပါသည်။ ဓားသွားထက် ကလောင်သွားက ပို၍ ထက်သည်ဟု အဆိုစကားရှိသည့်အလျောက် ပြည်ထောင်စုအစိုးရက ဒီမိုကရေစီနိုင်ငံထူထောင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါသမယတွင် ဒီမိုကရေစီနိုင်ငံထူထောင်မှုကို လိုလားကြသည့် သတင်းမီဒီယာသမားများကလည်း အများပြည်သူအမြင်စောင်းစေသည့် ရေးသားမှုမျိုးကို ရှောင်ရှားသင့်ပြီး ဒီမိုကရေစီအသီးအပွင့်များ ပေါ်ပေါက်လာဖို့ ရည်ရွယ်ချက်ကောင်းများ ရှိသင့်သည်ကို အကြံပြုပါသည်။

ထို့အပြင် ပြည်သူတို့ ယုံကြည်အားထားနေသော သတင်းမီဒီယာသမားများအနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုများနှင့် ဖီလာဆန့်ကျင်သော ကြော်ငြာများကိုလည်း ရှောင်ရှားသင့်သည်ဟု အကြံပြုလိုပါသည်။ ယခုကဲ့သို့သော အချိန်အခါသမယတွင် ပုဂ္ဂိုလ်ရေးဆန်သော ရေးသားဖော်ပြမှုများကိုလည်း ရေးသားဖော်ပြရန် မသင့်ဟု ယူဆပါသည်။ စာရေးသူ၏ အတွေ့အကြုံအရ ပါလီမန်ဒီမိုကရေစီကာလက သတင်းစာအချို့တွင် ပုဂ္ဂိုလ်ရေးဆန်သော "သာဓိန္န" သတင်းများ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခကြီးတစ်ဦး၏ ကိုယ်ရေးကိစ္စများကို ရှေ့တန်းတင်ရေးသားဖော်ပြခဲ့သည်ကို မှတ်မိနေပါသည်။ ယခုအခါတွင် ဤသို့သော ပုဂ္ဂိုလ်ရေးသတင်းများဦးစားပေးဖော်ပြရန် မသင့်တော့ဟု ယူဆရပါသည်။

"ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရှိရာ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသားတိုင်းက ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးရှိမှ ရပ်ရွာအေးချမ်းသာယာမည်ဖြစ်သည့်အတွက် နိုင်ငံသားတိုင်းသည် မိမိ၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်သင့်လှပေသည်။

> **နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး (Rule of Law)ရရှိစေရန် ဗဟိုအဆင့် လွှတ်တော်အသီးသီးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များတွင် လည်းကောင်း၊ ဗဟိုအဆင့်အစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အစိုးရများတွင် လည်းကောင်း တာဝန်ရှိ။ ထို့အပြင် ပြည်သူအများတွင်လည်း တာဝန်ရှိ။**

အချုပ်အားဖြင့် နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး (Rule of Law)ရှိစေရေးအတွက် အချုပ်အခြာအာဏာကို ကျင့်သုံးသော ဥပဒေပြုအဖွဲ့အစည်း၊ အုပ်ချုပ်မှုအဖွဲ့အစည်း၊ တရားစီရင်မှုအဖွဲ့အစည်းများနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာများအပါအဝင် နိုင်ငံသား ပြည်သူအားလုံးတွင် တာဝန်ရှိမည်ဖြစ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းများက အားသွန်ခွန်စိုက်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး (Rule of Law)ကို မုချမလွဲမသွေရရှိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

❖ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ

ကော်မတီဖွဲ့ပြီး မကြာမီ မွန်၊ ကရင်ပြည်နယ်များ၌ ရေဘေးကျရောက်သည့်အတွက် သွားရောက်ပြီး ထောက်ပံ့လှူဒါန်းခဲ့ပါကြောင်း၊ ထို့နောက် ကချင်ပြည်နယ်ကို လာရောက်ဖို့ပြင်ဆင်ခဲ့ပါကြောင်း၊ ပြည်ပသို့ခရီးသွားနေသည့်အတွက် ယခုမှ လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ယခုလို ဆောင်ရွက်ပေးခြင်းမှာ စစ်ကြောင့်ဖြစ်ရသော စိတ်အနာတရများကို သက်သာစေလိုသည့်ဆန္ဒနှင့် ဖြစ်ပါကြောင်း မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၌ ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ခင်ဆိုင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ ဦးဘုန်းဆွေ၊ ဦးသိန်းဇော်၊ ဒေါက်တာခင်ရွှေ၊ ဦးခက်ထိန်နန်၊ ဒေါ်ဒွဲဘူတို့က ကယ်ဆယ်ရေးစခန်းများ၌ အမှာစကားပြောကြားကြပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ကြသည်။

မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၌ ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် တန်ဖိုးငွေကျပ်လေးသိန်းကျော်ရှိ ဆန်၊ ဆီ၊ ပန်းကန်၊ အဝတ်အထည်မျိုးစုံ၊ ခေါက်ဆွဲခြောက်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ဂျန်မိုင်ကောင်း(KBC)စခန်း၌ ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် တန်ဖိုးငွေကျပ် ၂၇ သိန်းခန့်ရှိ ဆန်၊ ဆီ၊ ပန်းကန်၊ အဝတ်အထည်မျိုးစုံ၊ ခေါက်ဆွဲခြောက်၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ စိန့်ယောဟန်စခန်း၌ ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် တန်ဖိုးငွေကျပ် ၁၂ သိန်းကျော်ရှိ ဆန်၊ ဆီ၊ ပန်းကန်၊ အဝတ်အထည်မျိုးစုံ၊ ခေါက်ဆွဲခြောက်၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ဝိုင်းမော်မြို့ သာဂရကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၌ ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် တန်ဖိုးငွေကျပ် ၁၈သိန်းကျော်ရှိ ဆန်၊ ဆီ၊ ပန်းကန်၊ အဝတ်အထည်မျိုးစုံ၊ ခေါက်ဆွဲခြောက်၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ မိုင်းနား(RC)စခန်း၌ မိုင်းနား(RC)စခန်းနှင့် မိုင်းနား(KBC)စခန်းတို့အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ စီနှင့် မိုင်းနား(RC)အတွက် တန်ဖိုးငွေကျပ် ၃၆ သိန်းကျော်နှင့် မိုင်းနား(KBC)အတွက် တန်ဖိုးငွေကျပ် ၆၃ သိန်းကျော်ရှိ ဆန်၊ ဆီ၊ ပန်းကန်၊ အဝတ်အထည်မျိုးစုံ၊ ခေါက်ဆွဲခြောက်၊ လူသုံးကုန်ပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

အများပြည်သူဝန်ဆောင်မှုသတင်းနှင့် သတင်းစာကျင့်ဝတ်များဆွေးနွေး

အိမ်မဲ စက်တင်ဘာ ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မှုခင်းသတင်းထောက်များအတွက် သတင်းရယူရာ ရင်းမြစ်ဖြစ်သည်။ မှုခင်းသတင်းရေးလိုသူများအတွက် သတင်းအတည်ပြုချက်ရရန် ရဲစခန်းသည် အားထားရာ သတင်းရင်းမြစ်ဖြစ်သည်။ အချို့သောနေရာများတွင် ရဲတပ်ဖွဲ့နှင့် သတင်းထောက်များ နားလည်မှု လွဲချော်ခြင်းမျိုးလည်း ကြားသိခဲ့ရာ ရဲတပ်ဖွဲ့မှ သတင်းသမားတို့၏ ကျင့်ဝတ်နှင့်လုပ်ဆောင်ချက်တို့ကို သိရှိစေရန်နှင့် သတင်းလိုက်ပုံ၊ သတင်းရေးနည်းနှင့်သတင်းဓာတ်ပုံရယူပုံတို့နှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးပွဲတစ်ရပ်ကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် အိမ်မဲမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အိမ်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးက သတင်းနှင့်ပတ်သက်သော အကြောင်းအရာများကို မိတ်ဆက်ပြောကြားပြီး မကြာသေးမီက သင်တန်းတက်ရောက်ခဲ့သည့် ကြေးမုံသတင်းထောက် ဖော်ထက် (အိမ်မဲ)မှ သတင်းလိုက်၊ သတင်းရေး အခြေခံသဘောတရားများ၊ ဓာတ်ပုံသတင်းရိုက်ယူပုံ၊ သတင်းထောက်များ၏ လိုက်နာရမည့် ကျင့်ဝတ်များကို ဆွေးနွေးတင်ပြသည်။ ဂျာနယ်သတင်းထောက် ဖော်လင်းထွေး(အိမ်မဲ)ကလည်း ယနေ့ဂျာနယ်သတင်းများနှင့် ပတ်သက်သော အတွေ့အကြုံများ၊ သတင်းပို့ပုံတို့ကို တင်ပြဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ရဲအုပ်၊ ဒုရဲအုပ်၊ ရဲတပ်ကြပ်ကြီးများ၊ တပ်ကြပ်များက သတင်းရေးသားနည်းနှင့် ပတ်သက်သော သိလိုသည်များ၊ သတင်းထောက်များ၏ကျင့်ဝတ်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ကြေးမုံသတင်းထောက်က ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ရန်မျိုးလင်း(အိမ်မဲ)**

❑ ထောက်ပံ့ပို့ဆောင်ရေးပိုင်းမှ

မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှု သက်သာစေရေးအတွက် လုံခြုံစိတ်ချမှုရှိပြီး နိုင်ငံတကာအဆင့်မီ ကျောင်းကားများ တင်သွင်းရောင်းချဖို့ လိုအပ်ကြောင်း၊ အထူးသဖြင့် ယခုပြသထားသည့် ကျောင်းကြိုပို့ယာဉ်များအား ဈေးနှုန်းချိုသာစွာဖြင့် တင်သွင်း၍ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ပါက မြို့ကြီးများတွင် ကျောင်းဆင်းချိန်များ၌ ကိုယ်ပိုင်ကျောင်းကြိုယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို သက်သာစေမှာဖြစ်ကြောင်းနှင့် လုပ်ငန်းများလွယ်ကူလျင်မြန်ချောမွေ့စေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လိုအပ်သည်များကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

○ ဥရောပမှ

ထို့ကြောင့် ဟဲဗီးဝိတ်တန်းဒါရက်ခ်ချီဆိုရာသည် ပြီးခဲ့သည့်နွေရာသီက ဒေးဗစ်ဟေးအား ရှုံးနိမ့်ခဲ့ပြီးသည့်နောက်ပိုင်းတွင် သုံးပွဲဆက်တိုက် ရှုံးပွဲမရှိသည့် စံချိန်ကိုတင်နိုင်ခဲ့ပြီဖြစ်သည်။ ချီဆိုရာသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ခဲ့သူဖြစ်ပြီး ၂၀၀၉ ခုနှစ် မေ ၂၂ ရက်က ဟဲဗီးဝိတ်တန်းလက်ဝှေ့ကျော် ပေါဘက်လင်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ဟဲဗီးဝိတ်ပြိုင်ပွဲတစ်ခု၏ ငါးချီမြောက်တွင် ပြိုင်ဘက်ပေါဘက်လင်အား ကိုက်ခဲ့ခြင်းကြောင့် လေးလကြာ လက်ဝှေ့ထိုးသတ်ခွင့် ပိတ်ပင်ခံခဲ့ရသည်။ သို့ရာတွင် ထိုးသတ်ခဲ့သည့် ပြိုင်ပွဲအားလုံးနီးပါး အကောင်းဆုံးဖြစ်အောင်ထိုးသတ်နိုင်ခဲ့ပြီး လက်ရှိတွင် ၂၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် ၁၈ ပွဲအနိုင်ရရှိခဲ့ပြီး ၁၂ ပွဲ အလဲထိုးအနိုင်ရရှိထားသည်။

ဂျာမန်ဟဲဗီးဝိတ်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဂါဘာသည်လည်း ၂၃ ပွဲတွင် ၂၂ ပွဲ နိုင်ပွဲရရှိကာ ၁၄ ပွဲတွင် အလဲထိုးအနိုင်ရရှိထားခဲ့သူဖြစ်သည်။ သို့ရာတွင် ယခု ဥရောပဟဲဗီးဝိတ်ပြိုင်ပွဲတွင်မူ ဒါရက်ခ်ချီဆိုရာကို ရှုံးနိမ့်ကာ ဥရောပဟဲဗီးဝိတ်ချန်ပီယံဆုနှင့် လွဲခဲ့ရသည်။

✻ ရွှေဖုံးမှ

စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၇၁ စင်တီမီတာ (၂ ဒသမ ၃ ပေခန့်) ကျော်လွန်နေ၍ နောက် သုံးရက်အတွင်း ၃၀ စင်တီမီတာ(၁ ပေခန့်)ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြေးမုံ စာအုပ်စင်

သမိုင်းတစ်ကွေ့နှင့် ဘဝအတွေ့

ဆရာတက္ကသိုလ်မြတ်သူကသူ၏ ဘဝအတွေ့အကြုံများကို ကိုယ်ရေးအတ္ထုပ္ပတ္တိပုံစံထက် နောင်လာနောက်သားများအတွက် ဗဟုသုတအလို့ငှာ မှတ်တမ်းတစ်ရပ်အဖြစ် "သမိုင်းတစ်ကွေ့နှင့် ဘဝအတွေ့" စာအုပ်ကို ဟန်သာဆုစာအုပ်တိုက်မှ ဖြန့်ချိလိုက်သည်။

ဆရာ၏ ဖြတ်သန်းခဲ့ရသော မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းအချိုးအကွေ့များအတွင်း ဆရာကြုံတွေ့ခဲ့ရသည့် စာပေဘဝ၊ စာနယ်ဇင်းဘဝအတွေ့အကြုံ၊ လုပ်ငန်းအရ ပြည်တွင်းပြည်ပခရီးအတွေ့အကြုံတို့ကို အသေးစိတ်ရေးသားတင်ပြထားသည်။ ဆရာတက္ကသိုလ်မြတ်သူ၏ အသက်(၈၂)နှစ်တာ ဘဝခရီးအတွေ့အကြုံများမှာ များလှသဖြင့် ဆရာ့အတွေ့အကြုံများကို ဖတ်ရှုခံစားရင်း အသိပညာဗဟုသုတများ ရယူမှတ်သားနိုင်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

ပညာရေးအခြေမြင့်မှ နိုင်ငံ့ဒီမိုကရေစီတင့်မည် စာအုပ်ထွက်ရှိ



စာရေးသူ ဒေါက်တာမောင်သင်း၏ ပညာရေးအခြေမြင့်မှ နိုင်ငံ့ဒီမိုကရေစီတင့်မည်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ပြည်သူ့ခေတ်၊ ပညာရေးပဒေသာ၊ အတွေးအမြင် ဂျာနယ်တို့တွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများကို တစုတစည်းတည်း ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး ဒီမိုကရေစီကျင့်စဉ်အစ စာသင်ကျောင်းက၊ ကျောင်းတွင်း ဒီမိုကရေစီ၊ ဒီမိုကရေစီ ကျောင်းထွက်တွေ ပြည့်သျှမ်းပါမှ၊ သမ္မတကြီးနှင့် လွှတ်တော်တို့ရဲ့ ခေတ်မီပညာရေး၊ ပညာရေးနှင့် အမျိုးသားရေး ဒီမိုကရေစီပန်းတိုင်၊ ကျောင်းတွင်း ဒီမိုကရေစီနှင့် ကလေးဗဟိုပြုချဉ်းကပ်မှု၊ ပညာရေး၊ နာဂစ်နှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်း၊ ကျွန်တော်တို့ ပညာတတ်ဖြစ်ကြပြီလား၊ စာမေးပွဲမျက်မှန်စိမ်း၊ ပညာရေးရဲ့ အနှစ်သာရကို လျစ်လျူရှုမိတဲ့အခါ စသည့် ဆောင်းပါး ၁၈ ပုဒ်ပါရှိသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၇၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း(ကလော)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ခင်ဖုန်းကြည်(မိုင်းပွန်)၊ မောင်လွှမ်းနိုင်(စံပယ်ငုံ)၊ နေမျိုးသန့်တို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)၊ ဆွေဇင်ညွှန့်၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ ရွှေသုန်(စီးပွားရေးတက္ကသိုလ်)၊ မောင်မောင်ကြည်သန့်(ရတနာမြေ)၊ ဝဏ္ဏထွန်း(မင်းပြား)၊ ဗိုလ်ကလေးတင့်အောင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်ကဏ္ဍများနှင့် အခန်းဆက်ဆောင်းပါးရှည်ကဏ္ဍများအပြင် ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ မှတ်သားစရာသတ်ပုံကဗျာ၊ ဓမ္မအလင်းကဗျာများကဏ္ဍနှင့် စာပေအလင်း စာပေသတင်းကဏ္ဍများအပြင် ကာတွန်းလက်ရာများဖြင့် ဖက်ရှုချင်စဖွယ် ရသစုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် အမှတ်(၅၂၉)ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၂၇၆၊ ၀၉-၇၃၂၀၁၉၂၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

နည်းပညာသတင်း » TIKILA

သဘာဝဘေးအန္တရာယ်အတွင်းမှ လူသားတို့အသက်ကို ကယ်တင်ပေးမည့် မီးနဂါးဘောလုံးများ

မကြာသေးမီနှစ်က ဂျပန်နိုင်ငံတွင် ကြီးမားသောရေလျှင် ဆူနာမီ ဖြစ်ပေါ်ခဲ့ရာ လူ့အသက်နှင့် အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် နည်းပညာအင်အားကောင်းမွန်သော ဂျပန်နိုင်ငံသည် သူ၏ နည်းပညာအင်အားကို ပြသသည့်အနေဖြင့် သဘာဝဘေး အရေးကြုံလျှင် လွယ်ကူလျင်မြန်စွာအသုံးပြုနိုင်သော အသက်ကယ်ဘောလုံးကို ၂၀၁၂ ခုနှစ်တွင် မိတ်ဆက်ပြသပေးနိုင်ခဲ့ရုံမျှမက ဈေးကွက်အတွင်းသို့လည်း အမှန်တကယ်ပို့ဆောင်ပေးနိုင်ခဲ့သည်။

ကားတစ်စီးတန်ဖိုးနှင့် မကွာခြားလှသော အဆိုပါမီးနဂါးဘောလုံးဟု အမည်ရသည့် သဘာဝဘေး အသက်ကယ် ဘောလုံးများကို ဂျပန်နည်းပညာဖြင့် ဖန်တီးတည်ဆောက်ထားပြီး ဂျပန်နိုင်ငံရှိ ပြည်တွင်းနာမည်ကြီးကာတွန်းဇာတ်ကားများအတွင်း ပါဝင်လေ့ရှိသော Fire Dragon Ball ဟု လူသိများသည့် ဘောလုံးကိုအခြေခံပြီး တည်ဆောက်ဖန်တီးထားသည်ဟု ဂျပန်နည်းပညာစာမျက်နှာများတွင် တွေ့ရှိရသည်။ အဆိုပါဘောလုံးများကို မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးဒဏ်တို့အတွက် အထူးစီမံတည်ဆောက်ထားပြီး အကောင်းစားသားရေနှင့် ပလတ်စတစ်စပ်ကိုယ်ထည်ကို အသုံးပြုထားသည်ဟု သိရှိရသည်။ ဖိအားခံနိုင်ဝန် ကိုးတန်အထိရှိပြီး ရေပေါ်ရေအောက်အသုံးပြုနိုင်သည်ဟုလည်း သိရှိရသည်။ အတွင်းပိုင်းတွင် လူလေးဦးမျှလိုက်ပါနိုင်ပြီး ရေဒီယိုဆက်သွယ်ရေးစနစ်၊ နေရောင်ခြည်စွမ်းအင်စနစ်၊ ဒစ်ဂျစ်တယ်လမ်းကြောင်းပြစနစ်၊ ရေစိုခံဖုန်းနှင့် အခြားလိုအပ်သည့် လူ့အသုံးအဆောင်အချို့ကိုလည်း ထည့်သွင်းပေးထားသည်ဟု သိရသည်။

မုန်တိုင်းနှင့် သဘာဝဘေးဒဏ်များကို အမှန်တကယ်ကြုံတွေ့ရပါက အဆိုပါ ဘောလုံးများအတွင်း လူလေးဦးမျှ တစ်ပတ်ခန့်နေထိုင်နိုင်ရန် စီမံထုတ်လုပ်ထားခြင်းဖြစ်သည်။ လိုအပ်သော စားရေရိက္ခာနှင့် အရေးပေါ် ဆက်သွယ်ရေးစနစ်များပါဝင်သော အဆိုပါဘောလုံးများသည် ပင်လယ်ကူးသင်္ဘောများတွင် တပ်ဆင်ထားလေ့ရှိသည့် အသက်ကယ်လှေ Life Boat များထက်ပင် ပိုမိုအသုံးဝင်ကာ သယ်ဆောင်ရလွယ်ကူသည်။ နည်းပညာမြင့်မားသည့် အဆိုပါဘောလုံးများကို ကမ္ဘာတစ်ဝန်း ထုတ်လုပ်ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ ရေ၊ လေ၊ မီးတို့၏ တုံ့ပြန်သက်ရောက်မှုခံနိုင်ရန် စမ်းသပ်ပြီးသည့်နောက် လူသားငါးဦး၏အသက်ကို ကယ်တင်ပေးနိုင်သည့် အဆိုပါ မီးနဂါးဘောလုံးအတွင်း ထည့်သွင်းပေးထားသည့် နည်းပညာမှာ သဘာဝဘေးဒဏ်ကျရောက်နေချိန်အတွင်း လွယ်ကူလျင်မြန်စွာ အဆက်အသွယ်ပြုနိုင်စေပြီး အကူအညီနှင့် ကယ်ဆယ်ရေးအဖွဲ့တို့ နေရာအတိအကျသိရှိစေရန် စနစ်များစွာ ထည့်သွင်းပေးထားသည်ဟု သိရှိရသည်။

၎င်းမီးနဂါး ဘောလုံးများကို ယခုလက်တွေ့အသုံးပြုနိုင်ရုံမျှမက နောင်လာမည့်နှစ်များအတွင်း နည်းပညာများ ဆန်းသစ်ကာ တန်ဖိုးနည်းပါးစွာဖြင့် လူတိုင်းစေ့အသုံးပြုနိုင်ရန်လည်း ဂျပန်နည်းပညာလုပ်ငန်းများမှ စီမံလျက်ရှိသည်။ အဆိုပါ မီးနဂါးဘောလုံးများသည် တန်ဖိုးနည်းပါးကာ သယ်ဆောင်ရလွယ်ကူပြီး အမှန်တကယ် အသုံးဝင်မည်ဆိုပါက ဂျပန်နည်းပညာနှင့် မီးနဂါးဘောလုံးများသည် အဆင့်မြင့်ဖုန်းများထက်ပင် ပိုမိုဈေးကွက်ရနိုင်ကြောင်း ပရိသတ်များက ဆိုထားသည်။

မထသ (ဗဟို) မှ TERMINAL (ဂိတ်) များ ဖြစ်ပေါ်လာစေရန်အတွက် သက်ဆိုင်ရာသို့ တင်ပြသွားမည်

ရန်ကုန် စက်တင်ဘာ ၂၂

TERMINAL (ဂိတ်) များဖြစ်ပေါ်လာစေရန်အတွက် TERMINAL (ဂိတ်) များနှင့် ပတ်သက်သော အချက်အလက်များအား လေ့လာကာ သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်ကြောင်း မထသ(ဗဟို)မှ သိရှိရသည်။

အဆိုပါ TERMINAL (ဂိတ်) များ ဖြစ်ပေါ်လာစေရန်နှင့် စပ်လျဉ်း၍ မထသ(ဗဟို)မှ ဥက္ကဋ္ဌဦးလှအောင်က "ကားဂိတ်ဝင်းတွေကတော့ ပါရမီခရီးသည်တင်ယာဉ်လိုင်းနဲ့ ရွှေညည့်သည်ခရီးသည်တင်ယာဉ်လိုင်း အပါအဝင် တချို့နေရာတွေမှာ တချို့တစ်ဝက်တွေအဖြစ် ရှိနေကြပါတယ်။ ပါရမီခရီးသည်တင်ယာဉ်လိုင်းအတွက်ဆိုရင် ကားဂိတ်ဝင်းကြီးရှိနေပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ဒဂုံတက္ကသိုလ်ဆိုရင် ဘတ်စ်ကားတွေရပ်ဖို့ နေရာအလုံအလောက် မရှိပါဘူး။ ယာဉ်ပိုင်ရှင်တွေလည်း သူတို့ အိမ်မှာထားဖို့အနေနဲ့ မြေနေရာအခက်အခဲတွေရှိနေကြတယ်လေ။ မထသယာဉ်တွေ တော်တော်များများက ယာဉ်ပိုင်ရှင်အိမ်တွေမှာပဲ ညအိပ်ရပ်နားထားကြရတာပါ" ဟု ပြောကြားသည်။

ထို့နောက် ဆက်လက်၍ မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားရာတွင် ပြင်ပနိုင်ငံများ၌ TERMINAL (ဂိတ်)များအား စတင်တည်ဆောက်သည့်အချိန်၌ပင် အများပိုင်နှင့် ကုမ္ပဏီများအား ကန်ထရိုက်စနစ်ပေး လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ စတင်တည်ဆောက်စဉ်အချိန်ကတည်းကပင် ယာဉ်ပိုင်ရှင်များနေရာ၌ တည်ဆောက်ကြကြောင်း၊ ထို့ကြောင့် မိမိတို့ မထသယာဉ်လိုင်းများအတွက်လည်း နောင်အခါ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ဥပဒေရေးဆွဲသည့်နေရာ၌ မည်ကဲ့သို့ ညီညာမှုများရှိမည်ကိုလေ့လာပြီးမှ သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်ကြောင်းဖြင့် သုံးသပ်ပြောကြားခဲ့သည်။

မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကို ၁၉၆၂ ခုနှစ်က ရန်ကုန်မြို့ တာမွေမြို့နယ်ကျိုက္ကဆံကွင်း၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် မော်တော်ယာဉ်များအား အုပ်ချုပ်ရသည့် တာဝန်များရှိလာခြင်းကြောင့် ၂၀၀၉ ခုနှစ်တွင် မထသ (ဗဟို) အား ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ၌ စတင်လည်ပတ်ခဲ့ခြင်းဖြစ်ကြောင်း မထသ(ဗဟို)မှ စုံစမ်းသိရှိရသည်။

(စိုးဝင်း- MLA)

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Naing Group Construction Co.,Ltd. ၏ Sales & Marketing, Advertising နှင့် Showroom ကို
အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ထားပါကြောင်း မိတ်ဟောင်းမိတ်သစ်များအား လေးစားစွာ အသိပေးအပ်ပါသည်။

NAING GROUP CAPITAL
BUSINESS DEVELOPMENT CENTRE
အမှတ်(၇၂)၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။ (ယခင် BLAZON)
ဖုန်း - ၀၉ ၅၁၁ ၂၁၃၄၊ ၀၉ ၄၃၁၀၀၉၅၈၂၊ ၀၉ ၇၃ ၂၀၆၆၉၈၊ ၀၉ ၄၃ ၂၀ ၂၉၆၈

NAING Group Construction Co.,Ltd.
Sales & Marketing Department

စက်တပ်ရေယာဉ်စီးခရီးသည်များ အသက်ကယ်အင်္ကျီများ ဝတ်ဆင်ရန်လို

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်မှ ရန်ကုန်မြို့သို့ ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသော စက်တပ်သမ္ဗန်များနှင့် လိုက်ပါစီးနင်းကြသည့် ခရီးသည်အများစုမှာ အသက်ကယ်အင်္ကျီ (Life Jacket)များ ဝတ်ဆင်မှုအားနည်းခြင်းသည် အသက်အန္တရာယ်စိုးရိမ်ဖွယ်အနေအထားဖြစ်ကြောင်း ခရီးသွားတစ်ဦးက ပြောသည်။

ဒလမြို့နယ်မှ ရန်ကုန်မြို့သို့ နေ့စဉ်သွားလာသူများမှာ ထောင်ပေါင်းများစွာရှိပြီး ခရီးသည်အများစုမှာ စက်တပ်သမ္ဗန်များ အသုံးပြုသွားလာကြသည်။ ယခင်က စက်တပ်သမ္ဗန်ဆိပ်များတွင် ဗီနိုင်းဖြင့်သော်လည်းကောင်း၊ သမ္ဗန်ဆိပ်မှ တာဝန်ရှိသူများက စက်သမ္ဗန်ဖြင့်သွားလာလျှင် အသက်ကယ်အင်္ကျီများ ဝတ်ဆင်ကြရန် အသိပေးနှိုးဆော်ကြသော်လည်း ယခုအခါ ထိုသို့ ကြပ်မတ်ဆောင်ရွက်ခြင်းမရှိကြောင်း သိရသည်။

ယခုကဲ့သို့ မိုးရာသီတွင် Life Jacket ဝတ်ဆင်၍ စက်တပ်ရေယာဉ်စီးခြင်းသည် ခရီးသွားများ၏ အသက်အန္တရာယ်လုံခြုံမှုပေးနိုင်ခြင်းနှင့် ပတ်သက်၍ "ခရီးသွားတွေအနေနဲ့ စက်တပ်ရေယာဉ်နဲ့ သွားမယ်ဆိုရင် Life Jacket ဝတ်သင့်ပါတယ်။ ကျွန်တော်တို့က အမြဲတမ်းနှိုးဆော်ပေးနေပေမယ့် တချို့က မဝတ်ဘူး"ဟု တံလျှပ်စက်တပ်ရေယာဉ်ဆိပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရီးသွားအများစုအနေဖြင့် စက်တပ်ရေယာဉ်စီးတိုင်း (အသက်ကယ်အင်္ကျီ) Life Jacket ဝတ်ဆင်မှုအားနည်းခြင်းနှင့် ပတ်သက်၍ "ကျွန်မတို့လို ရုံးဝန်ထမ်းတွေအများစုက သပ်သပ်ရပ်ရပ် ဝတ်ဆင်လာတာ။ Life Jacket တွေက နှစ်တွေကြာပြီဆိုတော့ မည်းညစ်ပြီး ဖားဥတွေတက်နေတာ၊ နောက် မိုးတွင်းမှာရေတွေစိုနေတော့ ဘယ်သူမှ မဝတ်ချင်ဘူး" ဟု ဒလမြို့နယ်မှ ရုံးဝန်ထမ်းတစ်ဦးက ပြောသည်။

စက်တပ်သမ္ဗန်ရေယာဉ်နှင့် ခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် Life Jacket (အသက်ကယ်အင်္ကျီများ) ဝတ်ဆင်ရန်လိုအပ်သလို ဝတ်ဆင်ရမည့် Life Jacket များမှာ သန့်ရှင်းရန်လိုကြောင်း ခရီးသွားများက ပြောကြားလျက်ရှိသည်။

မင်းရဲမာန်(နေပြည်တော်)

ခရီးသွားပြည်သူများအတွက် ဖားပန်ချောင်းကူး ယာယီတံတားဆောက်လုပ်ပေးစေလို

မော်လူး စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ ပင်ဝယ်ကျေးရွာအုပ်စု ဖားပန်ကျေးရွာအနီးတွင် ပေ ၄၀၀၀ ခန့်ကျယ်ဝန်းသည့် ဖားပန်ချောင်းကို ဖြတ်သန်း၍ ကွန်ကရစ်တံတားကြီးတစ်စင်းကို ဆောက်လုပ်နေပြီး တံတားကြီးပြီးစီးပါက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်လာပြီး ဒေသခံပြည်သူများခရီးသွားလာရာတွင် အဆင်ပြေချောမွေ့မည်မှာ အမှန်ပင်ဖြစ်သော်လည်း ယခုကဲ့သို့ မိုးများသောမိုးရာသီတွင် ချောင်းရေမှာများပြားပြီး ရေစီးသန်သဖြင့် ချောင်းကို ဖြတ်သန်းသွားလာနေကြရသည့် ခရီးသွားပြည်သူများအတွက် အသက်အန္တရာယ်နှင့် အခက်အခဲများစွာ ကြုံတွေ့နေကြရကြောင်း၊ မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားကြသည့် ပြည်သူများသည် ချောင်းကိုဖြတ်ကူးနိုင်ရန်အတွက် ဆိုင်ကယ်ခ ငွေကျပ် ၁၅၀၀၊ ကျပ် ၂၀၀၀၊ ကျပ် ၃၀၀၀ အစရှိသဖြင့် ပေးနေကြရကြောင်း၊ တံတားကြီး၏ ဆောက်လုပ်ရေးလုပ်ငန်းမှာလည်း အစမျှသာရှိနေပြီး အချိန်ကြာမြင့်မည်ဖြစ်သည့်အတွက် ဖားပန်ချောင်းကူးယာယီတံတားတစ်စင်းကို ဆောက်လုပ်ပေးလျှင် အဆင်ပြေမည်ဖြစ်ကြောင်း ဒေသခံခရီးသွားပြည်သူတစ်ဦးထံမှ ကြားသိရသည်။

ခင်မောင်ဆွေ(မော်လူး)

မကြာခဏဖြစ်လေ့ရှိသည့် ပဲခူးလမ်းခရီး

ပဲခူး စက်တင်ဘာ ၂၂

ပဲခူးမြို့ အမှတ်(၃)ရဲစခန်းအပိုင် ရန်ကုန်-ပဲခူး ကားလမ်းတွင် ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပဲခူးမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော အမှတ်(၆) မော်တော်ယာဉ်လိုင်းမှ ထ/. . . . . ဟိုင်းလတ်ယာဉ်သည် စက်တင်ဘာ ၁၅ ရက်နံနက်တွင် ပဲခူးမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် နရဏီသိမ်လမ်းထိပ်အရောက်တွင် လမ်းလယ်ကျွန်းကို ဝင်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောတွင် တိမ်းမှောက်သွားသဖြင့် ပဲခူးမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်အောင်နိုင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စန်းဝေ(ဟံသာမြေ)

""လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ နယူးဟော်လန်ထွန်စက်များကို သုံးကြစို့""

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နယူးဟော်လန်ထွန်စက်များ၏ ကြံ့ခိုင်မှုအတွက် (၁၈.၉.၂၀၁၃)မှ(၃၀.၉.၂၀၁၃)အထိ ပုသိမ်၊ ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတ၊ မြန်အောင်မြို့နယ်များသို့ အခမဲ့လာရောက်စစ်ဆေးပေးမည် ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကြပါရန် လေးစားစွာအသိပေးအပ်ပါသည်။

T6000 Series (112HP to 165HP)

T5000 Series (76HP to 115HP)

တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ
အမှတ်(၁၁၅၉)၊ ဂိတ်အမှတ်(၂)၊ FMI ပဒေသာပင်မြို့တော်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၀၁) ၆၈၇၀၀၂၊ ၆၈၇၀၀၃၊ ၇၀၇၄၆၁၊ ၀၉ ၄၉၅၂၁ ၂၂၆၂ ၀၉ ၇၃၀၇ ၀၈၃၁

ကင်မရာပြုတ်ကျသဖြင့် အရေးပေါ်ခန်းရောက်ခဲ့ရသူ မွန်ဂန်ယောင်း

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် မွန်ဂန်ယောင်းသည် Goddess of Fire: Jeonji ဇာတ်ကားရိုက်ကူးစဉ်အတွင်း မျက်နှာ၏အပေါ်ဘက်သို့ ကင်မရာပြုတ်ကျမှုကြောင့် အရေးပေါ်ဌာနတွင် ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုကြောင့် သရုပ်ဆောင် မွန်ဂန်ယောင်း၏မျက်နှာတွင် အလွန်ထိခိုက်မှု မရှိခဲ့သော်လည်း ဒဏ်ရာရောင်ရမ်းလာမှုကြောင့် ရိုက်ကူးရေးလုပ်ငန်းများကို ခေတ္တရပ်နားထားခဲ့ရကြောင်းနှင့် ဒဏ်ရာသက်သာလာအောင် အနားယူပြီးမှ ရိုက်ကူးရေးလုပ်ငန်းများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း မွန်ဂန်ယောင်း၏အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရုပ်ရှင်ရိုက်ကူးရေးလုပ်စဉ်အတွင်း ယင်းကဲ့သို့ ဒဏ်ရာရရှိမှုသည် မွန်ဂန်ယောင်းအတွက် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ် Painter of the Wind ဇာတ်ကားရိုက်ကူးစဉ်ကလည်း မတော်တဆထိခိုက်မှုကြောင့် နှာခေါင်းကျိုးခဲ့ရပြီး ယခုကဲ့သို့ပင် ရိုက်ကူးရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း သိရသည်။

အဆိုပါ Goddess of Fire: Jeonji ဇာတ်ကားသည် အိုးလုပ်ငန်းလုပ်ကိုင်သည့် ပထမဆုံးသော ကိုရီးယားအမျိုးသမီးတစ်ဦးအကြောင်းကို ပုံဖော်ထားခြင်းဖြစ်ပြီး ယင်းဇာတ်ကားတွင် မွန်ဂန်ယောင်းက ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ထားသည်။

ဖြိုးစန္ဒာမြင့်

နာမည်ကြီးဂီတကြယ်ပွင့်များစွာ ဖျော်ဖြေခဲ့သည့် အိုင်ဟတ်ထ်ရေဒီယိုဂီတပွဲတော်

အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မြို့ MGM Grand Arena ၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည့် အိုင်ဟတ်ထ်ရေဒီယိုဂီတပွဲတော်သို့ မိုင်လီဆိုင်းယက်စ်၊ ဂျက်စတင်တင်မ်ဘာလိတ်တို့နှင့်အတူ နာမည်ကျော် အမေရိကန်ပေါ့ပ်ကြယ်ပွင့်များစွာ ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး စက်တင်ဘာ ၂၂ ရက် (ယနေ့)ညတွင် ကျင်းပမည့် အဆိုပါဂီတပွဲတော်တွင်လည်း နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဘရူနိုမားစ်၊ ကေတီပယ်ရီ၊ ခရစ်ဘရောင်း စသည့် အနုပညာရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

တေးသံရှင် မိုင်လီဆိုင်းယက်စ်သည် ၎င်း၏ Bangerz အမည်ရှိ အယ်လ်ဘမ်အသစ်ကို အောက်တိုဘာလတွင် ဖြန့်ချိသွားမည်ဖြစ်ပြီး ယင်းအယ်လ်ဘမ်သစ်တွင် သီချင်းသစ်များစွာလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၀)အရွယ် တေးသံရှင် မိုင်လီဆိုင်းယက်စ်၏ မကြာခင်က မလုံ့တလုံအဝတ်အစားများဖြင့် ရိုက်ကူးထားသည့် တေးသီချင်းဗီဒီယိုများကြောင့် VEVO ဝက်ဘ်ဆိုက်တွင် ကြည့်ရှုသူပရိသတ် သန်း ၁၀၀ ကျော်ရရှိခဲ့ပြီး နာမည်ဆိုးထွက်ခဲ့ရသူလည်းဖြစ်သည်။

Environmental Engineer
(HSE Department)
(Deadline for applications: 04 October 2013)

MPRL
MPRL E&P Pte. Ltd.

MPRL E&P is a privately owned, independent oil and gas exploration and production company with interests in both onshore and offshore Myanmar. Founded in 1996, we are now at an exciting stage in our development as we evolve to take advantage of new business opportunities, consolidate our successes to date and collaborate with other major E&P companies to progress new projects.

MPRL E&P is now recruiting "Environmental Engineer" position. The main responsibilities of Environmental Engineer is to manage, participate in and provide technical expertise to activities related to the development, implementation, assessment and improvement of the company's Environmental Management System to achieve ISO 14001 certification. Accountabilities in this role will include:

- Manage ESIAs processes and develop ESMPs for all production and drilling activities.
- Monitor compliance with ESMPs.
- Develop, execute, monitor and evaluate the environment management processes.
- Implement the Environmental Management Plan / Mitigation (EMP) component of ESIAs ensuring compliance with all legislation as well as resulting company commitments from the ESIA work.
- Manage the environmental permitting process and ensure that the necessary permits are obtained in support of operations schedule.

The position is based in our Yangon office but may involve occasional visits to project locations. The successful candidate is likely to be a BSc in Environmental Science holder, or related field degree qualified with previous experience in a similar role within an extractive industry. Proven track record of delivering high quality EIAs and EMPs is essential. Well developed interpersonal skills and the ability to communicate effectively, both orally and in writing (Myanmar and English) are also required. Knowledge of, or previous experience in Waste Management practices/ disposals, ISO 14001 Environmental Management Systems, Environmental Legislation, Oil Spill Contingency Systems, Environmental & Social Impact Assessments / Environmental Management Plans is also essential. Chartered Membership of IChemE / IEMA or equivalent would be advantageous.

We offer an excellent remuneration and benefits package. This package includes transportation, medical benefits, lunch, and training and development opportunities.

To be considered, please submit a detailed resume to:
Human Resources & Administration Department
MPRL E&P Pte Ltd.
84-85 Hlaing Myint Moe Lane #1, 10th Quarter, Hlaing Township (11051), Yangon, Myanmar
Or through e-mail to: lyteam@mprlnet.com.mm by 04 October 2013.
Only short-listed applications will be acknowledged.
Direct applications only please, no agency candidates will be considered.

ရှေးမြန်မာရုပ်သေးပညာရှင်ကြီးများ၏ မွေးရပ်မြေ

မလှိုင် စက်တင်ဘာ ၂၂

မလှိုင်မြို့နယ်သည် ဝါအကြီးအကျယ် စိုက်ပျိုးခြင်းကြောင့် မလှိုင်မြို့နယ်အတွင်းရှိကြသည့် ကျေးရွာများမှ အမျိုးသမီးတိုင်းလိုလိုပင် ဝါဖတ်၊ ဗိုင်းငင်၊ ရက်ကန်း အတတ်ပညာကို ထူးချွန်စွာတတ်မြောက်ကြသည်။ ထိုသို့ မြန်မာ့လက်ရက်ကန်းပညာ ထွန်းကားသောဒေသဖြစ်သောကြောင့် မလှိုင်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောဘုရားပွဲ၊ ပန်းအိုင်သမိုင်းဝင်ရွှေမုဋ္ဌောဘုရားပွဲရက်များတွင် ပင်နီအုပ်များ၊ လုံချည်ကြမ်းများ၊ မျက်နှာသုတ်ပဝါများ၊ လက်သုတ်ပဝါများကို မိမိတို့ကိုယ်တိုင် ရက်လုပ်၍ တောင်ပုံရာပုံ ရောင်းဝယ်ဖောက်ကားကြသည်။ မြန်မာ့လက်ရက်ကန်းနှင့် ပတ်သက်သည့် နှုပ်၊ ယံ၊ ထွာ၊ ယစ်၊ ခြား၊ တည်င်းလုံး လက်ခတ်ချည်ဝင် ချည်ခင်များကိုလည်း ရောင်းချသည်ကို ဘုရားပွဲရက်များ၌ တွေ့ရှိပေမည်။ ပန်းအိုင်ပွဲတော်ရောက်လျှင် ထူးခြားသော မြင်ကွင်းတစ်ခုမြင်တွေ့ရပေမည်။ တခြားပွဲတော်များကဲ့သို့ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ဈေးဆိုင်၊ ပွဲခင်းစသည့် အဆောက်အအုံမှန်သမျှ ထန်းပင်မှ ထွက်ရှိသည့် ပစ္စည်းများကို အသုံးပြု၍ ဆောက်လုပ်ထားသည်ကို တွေ့ရှိရမည်။ မလှိုင်မြို့နယ်သည် ထန်းပင်ပေါသောကြောင့် ဒေသထွက်ကုန်အဖြစ် ထန်းလျက်၊ သကာရည်၊ အနုဆုပ်၊ ထန်းမချောက်ဆုပ်၊ နှမ်းဖတ်ဆုပ်စသော ရိုးရာစားစရာများအပြင် ထန်းလျှော်တောင်းမျိုးစုံ၊ ထန်းကုလားထိုင်မျိုးစုံ၊ ထန်းခေါက်ဖာ စသည့် ထန်းထွက်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားကြသလို မလှိုင်မြို့နယ်ရှိ ပန်းအိုင်ရွာ၏ အရှေ့ဘက်တွင်ရှိသည့် ထနောင်းကျင်းရွာလေးသည်လည်း အိမ်ခြေ ၂၀၀ ကျော်ရှိပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြကာ ပန်းပု၊ ပန်းပဲလုပ်ငန်းကို ရိုးရာမပျက် ထိန်းသိမ်းလျက် ရှေးမြန်မာရုပ်သေးပညာရှင်ကြီးများဖြစ်ကြသော ဦးရာမြေက်၊ ဦးစပယ်သက်တို့၏ ဇာတိချက်ကြွေ မွေးရပ်မြေလည်းဖြစ်သည်။ ယင်းကြောင့် မလှိုင်မြို့နယ်သို့ ခရီးသွားဧည့်သည်များ တစ်ခါတစ်ခေါက်ရောက်ခဲ့လျှင် ယဉ်ကျေးမှုလက်ရာများ၊ ရှေးဟောင်းအမွေအနှစ်များကို လေ့လာနိုင်စေရန် ရေးသားလိုက်ရပါသည်။ **ကျော်ကျော်(မလှိုင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၉-၂၀၁၃ (တနင်္လာနေ့)

၅း၄၀ "မင်္ဂလာရှစ်ဖော်ယာဉ်ပျံတော်" တရားတော် [အရှင်တေဇနိယ (အောင်ဓမ္မရိပ်သာဆရာတော်)]
၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၈၁)
၇း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၁၇)
၈း၃၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၆၂)
၉း၁၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ဒီဇိုင်နာမမ" (ဇာတ်သိမ်းပိုင်း)

Spain Laliga ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၃၀	Espanyol - Athletic Club	(Star Sports)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

Travels & Tours Co.,Ltd
Oct - 19
* Seoul
* Jeju Island
* Nami Island
* Everland
* Disney Land
* Macao
* GuangZhou
* Window of the World
* Universal studio
* Jurong Bird Park
* Merlion Park
* Sound of the Sea
* Pattaya
* Ayutthaya
* Safari World
01-503925 , 01-527539 ,095058894
Hot Line: 09421027657

ဝယ်လိုသည်
ကိုရီးယားဆံသား (အဖြတ်) ဝယ်လိုသည်။
ဆက်သွယ်ရန်-09 5012162, 09 420785514, 09 425039967, 09 428148695

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမြင့်မော်[၁၂/ဥကတ(နိုင်)၁၀၆၃၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊မြေကွက်အမှတ်(၇/က်ဘဲ့)၊မြေကွက်အမှတ်(၂၃/ခ)၊ဧရိယာ(၀. ၀၇၃)ဧကနှင့် မြေကွက်အမှတ်(၂၃/ခ)၊ ဧရိယာ (၀. ၀၄၅)ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၅)၊ မာလာမြိုင်လမ်း၊ ဘောက်ထော်(၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ၁၀-၉-၂၀၁၁ ရက်စွဲပါ ကြေးမုံသတင်းစာ၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာအရ အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် အမွေဆက်ခံခွင့်ရှိသူ အမွေဆိုင်တစ်ဦးအနေဖြင့် ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် အသိအမှတ်ပြုမည်မဟုတ်ဘဲ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေလင်းထွန်း(**LL.B**)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၅)၊ အခန်း(၂၆)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၂၄၂၄၂၈

အားကစား

မန်ယူသို့ပြောင်းရွှေ့ရန် လေတန်ဘိန်းစ်ဆန္ဒရှိနေကြောင်း စတက်ဘ်ဖွင့်ဟ

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်း၏ ဘယ်နောက်ခံကစားသမား လေတန်ဘိန်းစ်သည် ပရီမီယာလိဂ်လက်ရှိချန်ပီယံမန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း အဲဗာတန်အသင်းနည်းပြချုပ် အလန်စတက်ဘ်က ဖွင့်ဟပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အဲဗာတန်အသင်း၏ အားထားရသော ကစားသမားနှစ်ဦးဖြစ်သည့် ဘယ်နောက်ခံကစားသမား လေတန်ဘိန်းစ်နှင့် ကွင်းလယ်ကစားသမား ဖယ်လိုင်နီတို့ကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းခဲ့သည့်အချိန်တွင်မှ ကွင်းလယ်ကစားသမားဖယ်လိုင်နီကိုသာ ပြောင်းရွှေ့ကြေးပေါင် ၂၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့သည်။

မန်ယူအသင်းက ခေါ်ယူလိုသည့်အချိန်က လေတန်ဘိန်းစ်အနေဖြင့် ငြင်းဆိုခဲ့သော်လည်း လက်ရှိတွင်မူ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားရန် ဒီယေဂိုအဲလ်ဗက်စ် ဆန္ဒရှိနေ

ဗလန်စီယာဂိုးသမား ဒီယေဂိုအဲလ်ဗက်စ်သည် လက်ရှိဘာစီလိုနာဂိုးသမား ဗဲလ်ဒက်စ်၏နေရာတွင် အစားထိုးကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားရန်အတွက် လာမည့်နှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဗလန်စီယာအသင်းမှ ထွက်ခွာကာ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း လူသိရှင်ကြား ဝန်ခံပြောကြားသွားခဲ့သည်။

ဘာစီလိုနာဂိုးသမား ဗဲလ်ဒက်စ်သည် လာမည့်နွေရာသီကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် ၎င်းနေရာတွင် အစားထိုးနိုင်မည့် ဂိုးသမားတစ်ဦး ဘာစီလိုနာအသင်းရှာဖွေလျက်ရှိပြီး ဒီယေဂိုအဲလ်ဗက်စ်က နူးကမ့်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

သို့ရာတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ရမှုနှင့် ပတ်သက်၍ ပျော်ရွှင်မိကြောင်း၊ သို့သော် လက်ရှိအချိန်အထိ ချဉ်းကပ်မှုမပြုလုပ်ရသေးကြောင်း ဗလန်စီယာဂိုးသမား ဒီယေဂိုအဲလ်ဗက်စ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ငွေကြယ်

ဗြိတိန် ဝယ်သာဝိတ်ချန်ပီယံအဖြစ် ဖရန်ကီဂါဗင် ရပ်တည်

ဗြိတိန် ဝယ်သာဝိတ်လက်ဝှေ့ပြိုင်ပွဲအဖြစ် လန်ဒန်မြို့၌ ဘာမင်ဂမ်မြို့သား ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဖရန်ကီဂါဗင်နှင့် မန်ချက်စတာမြို့သား ဒေးဗစ်ဘားနက်စ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဖရန်ကီဂါဗင်က ဒေးဗစ်ဘားနက်စ်ကို အလဲထိုးအနိုင်ယူကာ ဗြိတိန်ဝယ်သာဝိတ် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အသက်(၂၇)နှစ်အရွယ် ဘာမင်ဂမ်မြို့သား လက်ဝှေ့ကျော် ဖရန်ကီဂါဗင်သည် မန်ချက်စတာမြို့သား လက်ဝှေ့ကျော် ဒေးဗစ်ဘားနက်စ်အား ၁၂ ချီကြာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အလဲထိုးအနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဖရန်ကီဂါဗင်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားတစ်ဦးအနေဖြင့် ၁၆ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် ၁၂ ပွဲနိုင်ပွဲရရှိကာ ရှုံးပွဲမရှိစံချိန်တင်ထားပြီး ၂၀၀၆ ခုနှစ်က မဲလ်ဘုန်း၌ ထိုးသတ်ခဲ့သည့် ဝယ်သာဝိတ်ပြိုင်ပွဲနှင့် ၂၀၀၇ ခုနှစ်က ချီကာဂို၌ ထိုးသတ်ခဲ့သည့် ဝယ်သာဝိတ်ပြိုင်ပွဲတို့တွင် ပြိုင်ဘက်များကို အလဲထိုးအနိုင်ယူခဲ့သူလည်းဖြစ်သည်။

မန်ချက်စတာမြို့သား ဗြိတိန်လက်ဝှေ့ကျော် ဒေးဗစ်ဘားနက်စ်သည်လည်း လွန်ခဲ့သည့် နှစ်နှစ်နီးပါးအကြာက ၎င်းနောက်ဆုံးထိုးသတ်ခဲ့သည့် ပြိုင်ပွဲလေးခုတွင် သုံးပွဲအနိုင်ရရှိထားခဲ့သည်။ ဒေးဗစ်ဘားနက်စ်သည် လက်ဝှေ့သမားဘဝတွင် ၃၁ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၂၇ ပွဲနိုင်ပွဲရရှိပြီး ၁၁ ပွဲမှာ အလဲထိုးနိုင်ပွဲအဖြစ် ရယူနိုင်ခဲ့သူဖြစ်သော်လည်း ယခုလန်ဒန်၌ ထိုးသတ်ခဲ့သည့် ဗြိတိန်ဝယ်သာဝိတ်ပြိုင်ပွဲတွင်မူ ဘာမင်ဂမ်မြို့သား ဗြိတိန်လက်ဝှေ့ကျော် ဖရန်ကီဂါဗင်ကို ရှုံးနိမ့်ခဲ့ရသည်။

လျှပ်စစ်မီးခလုတ် အပူလွန်ကဲ၍ မီးလောင်

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက် မြို့မဈေး ရုံအမှတ်(၄)ဆိုင်အမှတ်(ပ) ၈၃ရှိ "အာယုသာ" ဆိုင်ကယ် အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် စက်တင်ဘာ ၂၀ ရက် ည ၉ နာရီ ၁၅ မိနစ်က လျှပ်စစ်မီးခလုတ်အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ဇမ္ဗူသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးတာဝန်ခံနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၉ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ဆိုင်အတွင်းရှိ ဆိုင်ကယ်အပိုပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ဆိုင်ရှင်အား ဇမ္ဗူသီရိနယ် မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကျောက်တောင်ပြိုကျ၍ တစ်ဦးသေ

နေပြည်တော် စက်တင်ဘာ ၂၂

ရှမ်းပြည်နယ် နမ့်စန်မြို့နယ် အမှတ်(၆)ကျေးရွာအနီးရှိ ဇော်ဂျီတောင်တွင် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ကျောက်ထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် သာစည်မြို့နယ် မုံပင်ဆုံရွာနေ အေးလွင်(၂၆)နှစ်ပါ ၁၀ ဦးအဖွဲ့သည် ကျောက်တောင်သို့ရောက်ရှိစဉ် အမြင့်ပေ ၁၀၀ ခန့်ရှိ ကျောက်တောင်ပေါ်မှ ကျောက်တုံးကျောက်ခဲများ ပြိုကျထိမှန်ခဲ့သဖြင့် ရေနံချောင်းမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ ဦးချစ်လွင်(၅၂)နှစ်တွင် ဝဲခြေသလုံး ကျိုး၊ ယာခြေဖမိုးပေါက်ပြဲ၊ ဝဲနံရိုးအောက်နှင့် ခါးဆစ်အထက် ဒဏ်ရာများ၊ အုတ်ဖိုမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာနေ ဦးကျော်ဦး(၃၇)နှစ်တွင် ဝဲခြေဖမိုးပေါက်ပြဲ၊ ယာနဖူး နှစ်လက်မခန့်ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါဒဏ်ရာရရှိသူများအား လွိုင်လင်ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ဦးချစ်လွင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သဖြင့် နမ့်စန်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၅/၂၀၁၃)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကျွှာနံပါတ် (၁) YUASA (Japan)
မော်တော်ဆိုင်ကယ်ဘက်ထရီ
09-73177810, 09-8630565
09-33288346, 09-422467681

မွေးနေ့ဆုတောင်း

သမီးလေး မြတ်ပီတိချို @ Alexa MIS year 4(B) ၏ ၂၃-၉-၂၀၁၃ ရက်တွင် ကျရောက်သော (၉)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ထူးချွန်ထက်မြက်၍ သာယာပျော်ရွှင်သောဘဝလေးကို မိသားစုနှင့်အတူ ဖြတ်သန်းနိုင်ပါစေ။

ကြီးကြီးနိုင်၊ ကိုကိုကြီး၊ ကိုကိုငယ်

UNIQUE STAR TRAVELS & TOURS
ဥရောပ(၅)နိုင်ငံ + အင်္ဂလန် (16)Days Oct: 18 / Nov:15 / Dec:21 (4,800,000)
ဘန်ကောက် (Pattaya Beach, Dream World, Safari World, Grand Palace) (6)Days Every Sat: (250,000)
ဂျပန် (9)Days Oct: 19 / Nov:16 (2,600,000) အမေရိကား (20)Days Nov: 15 / Dec:21 (7,000,000)
ပီကင်း (9)Days Oct: 18 / Nov:15 (1,400,000) ဟောင်ကောင် (8)Days Oct: 19 / Nov:16 (1,500,000)
ဩစတြေးလျ (9)Days Dec: 26 (4,000,000) ကိုရီးယား (9)Days Oct: 18 / Nov:15 (1,900,000)
No.(05), Ground Floor, Asia Plaza. Ph: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
No.(70/A), Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

ဂန္ဓဝင်ရွှေစုံ Travels & Tours
Exploring to the edge of the globe
Cruise Tour
Corporate
No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510218
B/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawin@gmail.com, www.myanmartravel.org Call Center : 1875

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ ၁-၁၀-၂၀၁၃ ရက်မှ ၃၀-၉-၂၀၁၄ ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၁)နှစ် လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ (Open Tender)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား
သန်လျင်တံတား

(ခ) လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ
မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး (ပထမ)ထပ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်။

(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်း/ ဖွင့်လှစ်မည့်ရက်နှင့်အချိန်
၂၇-၉-၂၀၁၃ ရက် ၁၁း၀၀ နာရီတိတိ

(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်း/ ဖွင့်လှစ်မည့်နေရာ
မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး
စခန်းသာဧည့်ခန်းမဆောင်

မှတ်ချက်။(၁) အထက်အပိုဒ်(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါ၊ လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် ၁၀၀၀၀ိ/-ကျပ်နှုန်းဖြင့် ၂၃-၉-၂၀၁၃ ရက်မှစ၍ နေ့စဉ် ၉း၀၀ နာရီမှစ၍ ၁၆း၀၀ နာရီထိ (ရုံးပိတ်ရက်အပါအဝင်) ၂၇-၉-၂၀၁၃ရက် ၉း၀၀ နာရီအချိန်ထိ ဝယ်ယူနိုင်ပါသည်။

(၂)အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ၊ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇)၊ ရန်ကုန်ဘူတာကြီး(ပထမ)ထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၁-၃၉၃၄၂၈၊ ၀၁-၇၀၄၇၉၁၊ ၀၉-၄၉၂၁၃၁၃၀သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

ပန်းချီသင်တန်း

ကယ်ရီငှားစီးသူ ခရီးသည်နှစ်ဦး ဆိုင်ကယ်လုယူသွားသည့်အမှု ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် စက်တင်ဘာ ၂၂

သာကေတမြို့နယ် ဧရာဝဏ်လမ်းအဝိုင်းထိပ်တွင် စက်တင်ဘာ ၁၅ ရက် ည ၇ နာရီခွဲက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကိုကျော်ကျော်ခိုင်သည် ဆိုင်ကယ်ဂိတ်ထိုးထားချိန် အမျိုးသားနှစ်ဦးက သာကေတမြို့နယ် လယ်ယာ(၆)လမ်းသို့ ငွေကျပ် ၈၀၀ ဖြင့်ငှားရမ်း၍ မောင်းနှင်လာရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ အဒေါ်ဖြစ်သူထံ သွားလိုကြောင်းပြောဆိုကာ ပို့ပေးရန်ပြောသဖြင့် သာကေတမြို့နယ် ရတနာလမ်းမှ ဆိပ်ကမ်းသာလမ်းဘက်သို့ ချိုးကွေ့မောင်းနှင်လာခဲ့စဉ် နောက်ဆုံး၌ ထိုင်စီးလာသူက ထီးကျကျန်ခဲ့ကြောင်းပြော၍ ဆိုင်ကယ်အား ရပ်ပေးခဲ့သည်။

အဆိုပါသူ ထီးသွားကောက်နေချိန်တွင် ကျန်တစ်ဦးက ဓားထုတ်ပြပြီး ဆိုင်ကယ်ပေါ်မှဆင်းခိုင်းခဲ့ကာ ထီးသွားကောက်ယူသူမှာလည်း ချုပ်ကိုင်ထားရန်လှမ်းပြောသဖြင့် ကိုကျော်ကျော်ခိုင်မှာ ၎င်းပိုင်ဂျဲလမက် 125 အဖြူရောင် ဆိုင်ကယ်အားထားပြီး ထွက်ပြေးခဲ့စဉ် ၎င်းတို့နှစ်ဦးမှာ ဆိုင်ကယ်အား ယူဆောင်မောင်းနှင်သွားသဖြင့် စုံစမ်းအရေးယူပေးရန် တိုင်တန်းခဲ့၍ သာကေတနယ်မြေရဲခစန်းက (ပ)၆၆၈/၂၀၁၃၊ ပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ အုပ်ချုပ်မှုတပ်ခွဲ မှုခင်းအကူဌာနတပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ သာကေတနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များပူးပေါင်း၍ သတင်းစုံစမ်းဖော်ထုတ်ခဲ့ရာ ပြောင်ကြီး(ခ)ကျော်ဌေးအောင် (၁၆၈) ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူနှင့် ကိုဖြိုး(ခ) သန့်ဇင်ဖြိုး (၁၀၄)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူတို့ နှစ်ဦးက ကျူးလွန်ခဲ့ကြောင်းနှင့် လုယူခဲ့သည့်ဆိုင်ကယ်အား လိုက်လံရောင်းချနေကြောင်း စုံစမ်းသိရှိရသဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ အခင်းဖြစ်ချိန်က သာကေတမြို့နယ် ဧရာဝဏ်လမ်းအဝိုင်းထိပ်မှ ဆိုင်ကယ်ကယ်ရီတစ်စီးငှားရမ်း၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သို့ သွားရောက်ခဲ့စဉ် ဆိပ်ကမ်းသာလမ်းကွေ့သို့ အရောက် ဆိုင်ကယ်နောက်ဆုံးမှ စီးနင်းလာသည့် ကျော်ဌေးအောင်၏ ထီးပြုတ်ကျခဲ့၍ ဆိုင်ကယ်အား ရပ်ခိုင်းပြီး ဆင်းကောက်စဉ် ကယ်ရီမောင်းသူက ငွေကျပ် ၃၀၀၀ ပေးမှသာ လိုက်ပို့မည်ဖြစ်ကြောင်း ပြောဆိုသဖြင့် စကားများကြပြီး ကျော်ဌေးအောင်က ထီးအချွန်ဖြင့် ထိုးဟန်ပြုလိုက်စဉ် ကယ်ရီမောင်းသူမှာ ဆိုင်ကယ်သူခိုးဟု အော်ကာ လာရာလမ်းအတိုင်းထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ကျော်ဌေးအောင်နှင့် သန့်ဇင်ဖြိုးတို့က ဆိုင်ကယ်အား မောင်းနှင်ယူဆောင်ခဲ့ကြကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ သန့်ဇင်ဖြိုး၏အစ်ကို နေအိမ်ရှေ့ သစ်ပင်များကြားတွင်ဝှက်ထားခဲ့ကြောင်း ပေါ်ပေါက်သဖြင့် သိမ်းဆည်းပြီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(MLA)

ငါးရှော့ခ်တိုက်စဉ် ဓာတ်လိုက်သေဆုံး

လားရှိုး စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက် (၁၂)၌ စက်တင်ဘာ ၁၈ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က ငါးရှော့ခ်တိုက်ရာမှ ဓာတ်လိုက်သေဆုံးခဲ့သည်ဟု ယူဆရသည့် လူသေအလောင်းတစ်လောင်း လားရှိုးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာကြောင်း သိရသဖြင့် နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်၊ ရဲကင်းမှူး ဒုရဲအုပ်ဇော်သန်းနှင့်အဖွဲ့၊ သက်သေဦးမြသောင်း၊ ဦးထွန်းကျော်တို့နှင့်အတူ လားရှိုးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က သေဆုံးသူ မောင်ယိုကျင်းရှင်း(၁၇)နှစ် ရှမ်းခိုလောင်းလမ်းနယ်မြေ(၁၆)ရပ်ကွက် (၁၂)လားရှိုးမြို့နေသူသည် အစ်ကိုဝမ်းကွဲတော်စပ်သူ ယိုကျင်းကွယ် (၂၀) နှစ်နှင့် အတူ ရပ်ကွက်(၁၂) နယ်မြေ(၁၆)ရှိ ရေအနက် နှစ်ပေခန့်ရှိသော နမ့်လောင်ချောင်းတွင် ၂ ကေဗွီ တရုတ်ဟွန်ဒါမီးစက်တစ်လုံး၊ ခြောက်ပေအရှည် ဝါးလုံးနှစ်လုံးထိပ်၌ သံဆန်ခါနှင့် ဝါယာကြိုးတပ်ဆင်ထားသော ငါးရှော့ခ်တိုက်တံနှစ်ချောင်းကို အသုံးပြု၍ ယိုကျင်းကွယ်မှာ ကမ်းပေါ်တွင်နေကာ ယိုကျင်းရှင်းမှာ ရေထဲဆင်းငါးရှော့ခ်တိုက်စဉ် ဓာတ်လိုက်သေဆုံးရခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးရန် နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က နမစ(လရ)၏ သေမှုသေခင်းအမှတ်စဉ် (၆/၂၀၁၃) ဖြင့် ရေးဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စံဇာဏီအောင်(လားရှိုး)

သမက်ဖြစ်သူက ယောက္ခမကိုသတ်ပြီး အလောင်းဖျောက်မှု ဖမ်းမိ

မော်လမြိုင် စက်တင်ဘာ ၂၂

ယောက္ခမကို လည်ပင်းညှစ်သတ်ပြီး အိမ်ခြံနောက်ဘက်မြောင်းအတွင်းသို့ အလောင်းပစ်ချခဲ့သော သမက်ဖြစ်သူကို မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ အနီးကပ်ကြီးကြပ်စီစဉ်ပေးမှုဖြင့် မုပွန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဆန်းဝင်း၊ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် သိန်းစိုးတို့အဖွဲ့က အခင်းဖြစ်ပွားပြီး စက်တင်ဘာ ၇ ရက် ညက သမက်ဖြစ်သူ ကျော်ဆန်းကို ဖမ်းဆီးခဲ့သည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအုပ်စု ကော့ခမယ်ကျေးရွာ ခြံစုနေ အသက်(၆၅)နှစ်ရှိ ဒေါ်ခင်မြသည် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်တွင် အိပ်နေခိုက် သမက်ဖြစ်သူ မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ဇော်ကုန်းကျေးရွာနေ ကျော်ဆန်း အသက်(၃၁)နှစ်သည် နေအိမ်ပေါ်တွင်ပစ္စည်းများ ခိုးယူရန် ရှာဖွေနေစဉ် ယောက္ခမဖြစ်သူ ဒေါ်ခင်မြနိုးသွားရာ သမက်ဖြစ်သူက လည်ပင်းညှစ်သတ်ပြီး အိမ်နောက်ဖေးရေမြောင်းအတွင်း အလောင်းကို ပစ်ချခဲ့သည်။

သေဆုံးမှုနှင့်ပတ်သက်၍ တရားခံအမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုင်ကြားသူ မသီတာ၏ခင်ပွန်းဖြစ်သူ ကျော်ဆန်းကို ဖမ်းဆီးရမိပြီး မော်လမြိုင်မြို့နယ်တရားရုံး မြို့နယ်တရားသူကြီး ဦးချိုလွင်ထံ ကျော်ဆန်းက အမှုနှင့်ပတ်သက်၍ ဖြောင့်ချက်ပေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူများအား ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ကျောက်တံတားမြို့နယ် ကုန်သည်လမ်း ပန်းဆိုးတန်းကားမှတ်တိုင်၌ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၂၀ မိနစ်က ခါးပိုက်နှိုက် ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်နေစဉ် မှတ်တိုင်သို့ လာရပ်သည့် မထသ(၃၉) ယာဉ်လိုင်း ခရီးသည်တင်ယာဉ်ပေါ်မှဆင်းလာသော ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ ရွှေအ(ခ)ထွန်းထွန်း မှော်ဘီမြို့နယ်နှင့် သန်းထွေး ထန်းတပင်မြို့နယ်နေသူတို့ နှစ်ဦးအား တွေ့ရှိသဖြင့်ရှာဖွေရာ ရွှေအ(ခ)ထွန်းထွန်း၏ဘေးလွယ်အိတ်အတွင်းမှ ငွေကျပ် ၁၃၀၀၀ အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါငွေများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာ ယာဉ်ပေါ်တွင်လိုက်ပါစီးနင်းလာစဉ် လမ်း(၅၀)မှတ်တိုင်အရောက် ယာဉ်ပေါ်ပါ အသက်(၃၅)နှစ်ခန့် ခရီးသည်အမျိုးသားတစ်ဦး၏အင်္ကျီအိတ်ကပ်ကို သန်းထွေးမှ လူကိုကွယ်ပေးပြီး ရွှေအ(ခ)ထွန်းထွန်းမှ နှိုက်ယူရရှိခဲ့သော ငွေများဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက (ပ)၃၃၇/၂၀၁၃၊ ပုဒ်မ ၃၇၉(နှိုက်)/၅၄ ဖြင့် အရေးယူထားကြောင်း သိရသည်။ **(ဓပ၀)**



ကားရောင်း
Suzuki Swich ၄င/. . . သိန်း(၈၀)
Light Truck ၈ဏ/. . . . (၇၂)သိန်း
Suzuki R+ ၄ခ/. . . (၆၆)သိန်း
ဖုန်း-၀၉၄၉၅၇၇၁၄၀

သင့်သွေးဖြင့် အသက်ကယ်ပါ

အထက်မြန်မာပြည်သတင်း

ရတနာပုံဗုဒ္ဓဘောဇနီယဥသာဟအသင်း ဆွမ်းတော်ကြီးကပ် လှူဒါန်း

မန္တလေး စက်တင်ဘာ ၂၂

ရတနာပုံဗုဒ္ဓဘောဇနီယ ဥဿာဟအသင်းကြီး၏ (၉၁) ကြိမ်မြောက် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားသို့ ဆွမ်းတော်ကြီးကပ် လှူဒါန်းပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီက အသင်းတည်ရာ မန္တလေးမြို့ (၈၇) လမ်း၊ (၂၈) လမ်းနှင့် (၂၉) လမ်း ကြားတွင် ရပ်ကွက်အသီးသီးမှ အသင်းသားများစုရုံး၍ စတင်ထွက်ခွာသည်။ **(ယာပုံ)** မထွက်ခွာမီကုသိုလ်ရှင် စေတနာရှင်များက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးကြကာ အဆိုပါ အသင်းတိုက်မှ မြို့တွင်းသို့ သတ်မှတ်လမ်းကြောင်းအတိုင်း အတီး၊ အမှုတ်၊ အကအခုန်များဖြင့် လှည့်လည်ကာ မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားသို့သွားရောက်ကြခြင်း ဖြစ်သည်။ ထိုသို့ လှည့်လည်ရာတွင် အသင်းသား ၃၅၀ ကျော်ပါဝင်၍ ပိတ်ဖြူစင်ကြယ်များကိုသာ ဝတ်ဆင်လျက်ဆွမ်းတော်၊ ပန်းတော်အုပ်ကလေး အလုံး ၄၀ ကျော်ပါဝင်သည်။ စည်းကမ်းစနစ်တကျဖြစ်စေရန်နှင့် မြင်တွေ့ရသူများ ကြည်ညိုဖွယ်ဖြစ်စေရန် အလို့ငှာ အသင်းအလုပ်အမှုဆောင်လူကြီးများက ထိန်းသိမ်းစောင့်ရှောက်ပေးကြပြီး လပြည့်နေ့ အရုဏ်တက်ချိန်တွင် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားအား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ရေချမ်း၊ ဆီမီးများဖြင့် ဝတ်တက်၊ ဝတ်ကပ်ပူဇော်ကြကြောင်း သိရသည်။

ဘဦး(မန်း)

ဆံပင်လုပ်ငန်းလုပ်ကိုင်သူများ စားဝတ်နေရေးအဆင်ပြေ

သာစည် စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်တွင် ဆံပင်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဆံပင်လုပ်ငန်းတွင် အဆင့်လေးဆင့်လုပ်ကိုင်ရသည်။ ပထမဆုံးဆံပင်ဖွသည့်လုပ်ငန်း၊ အကြမ်းရိုက်သည့်လုပ်ငန်း၊ ခေါင်းစီးထောက်သည့်လုပ်ငန်းနှင့် အချောလုပ်ငန်းဟူ၍ အဆင့်ဆင့်လုပ်ကိုင်ရသည်။

"ကျွန်မက ကုန်းတောင်းကျေးရွာက လာလုပ်တာပါ။ တောင်သူလည်း လုပ်ပါတယ်။ တောင်သူလုပ်ငန်းနားတဲ့အချိန်မှာ မိသားစုဝင်ငွေတိုးပွားအောင်လို့ ကျွန်မက ဆံပင်ဖွပြီးသားကို အကြမ်းရိုက်တဲ့အဆင့်မှာ လုပ်ပါတယ်။ ဆံပင်ဖွတဲ့သူတွေကတော့ ဆံပင်ငါးကျပ်သားထုပ် တစ်ထုပ်ပြီးရင် ငွေခုနစ်ရာကျပ်ရတယ်။ တစ်နေကုန်လုပ်ရင် နှစ်ထုပ်ခွဲ၊ သုံးထုပ်ထိပြီးတော့ တစ်နေ့ကို ငွေကျပ် ၁၈၀၀ ကနေ ၂၀၀၀ လောက်ထိရတယ်။ ကျွန်မတို့ အကြမ်းရိုက်တဲ့သူတွေကျတော့ နေ့စားနဲ့ပေးတာ။ တစ်နေ့ကို စရိတ်ငြိမ်း ကျပ်၂၀၀၀ ပေးပါတယ်" ဟု ကုန်းတောင်းကျေးရွာမှ ရွာကြီးကျေးရွာ ဆံပင်ဒိုင်သို့ လာရောက်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

သာစည်မြို့ပေါ်နှင့် ကျေးရွာအတော်များများ အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်သော ဆံပင်ဒိုင်များ ဖွင့်လှစ်ထားရှိရာ လုပ်ငန်းအဆင့်ဆင့်တွင် ဝင်ရောက်လုပ်ကိုင်နေသူများမှာ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်တိုက်မှုဖြစ်စဉ်တွင် ကျန်းမာရေးချို့ယွင်းကြောင်း စစ်ဆေးတွေ့ရှိပါက ယာဉ်မောင်းသူ၏လိုင်စင်အား ဥပဒေနှင့်အညီ ရုပ်သိမ်းသွားမည်

မန္တလေး စက်တင်ဘာ ၂၂

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးရာတွင် ကျန်းမာရေးအခြေအနေအား အသက်အပိုင်းအခြားဖြင့် ကန့်သတ်ထားခြင်းမရှိကြောင်းနှင့် လုပ်ထုံးလုပ်နည်းများအရ ယာဉ်မောင်းပြန်လည်စစ်ဆေးရန်လိုအပ်သဖြင့် စစ်ဆေးခြင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များဖြစ်ပွားခြင်းတို့ကြောင့် စစ်ဆေးခြင်းတို့တွင် ဖော်ပြပါ ကျန်းမာရေးအခြေအနေတစ်ရပ်ရပ် ချို့ယွင်းကြောင်းစစ်ဆေးတွေ့ရှိပါက အဆိုပါယာဉ်မောင်းသူ၏လိုင်စင်အား ဥပဒေနှင့်အညီ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက စက်တင်ဘာ ၁၉ ရက်က ကျင်းပသော တိုင်းဒေသကြီးလွှတ်တော်တွင် ကိုယ်စားလှယ် ဒေါ်တင်တင်မာ၏မေးခွန်းအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်မောင်းလိုင်စင်များထုတ်ပေးရန် မျက်စိအမြင်အာရုံကောင်းမွန်မှု၊ စိတ်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များမှန်ကန်စွာ ချမှတ်နိုင်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ကိုယ်လက်ကြံ့ခိုင်မှုရှိ၊ မရှိ တို့ကိုစစ်ဆေးလျက် အောင်မြင်သူများကိုသာ ယာဉ်မောင်းလိုင်စင်များထုတ်ပေးလျက်ရှိကြောင်း၊ မော်တော်ယာဉ်ကို မောင်းနှင်အသုံးပြုမည့် ကာယကံရှင်အနေဖြင့် မိမိ၏ ကျန်းမာရေးအခြေအနေအား မိမိကိုယ်တိုင်သာလျှင်အသိဆုံးဖြစ်ပြီး အန္တရာယ်ကင်းရှင်းမှုရှိစေရေး ကိစ္စရပ်အပေါ်တွင် မိမိကိုယ်တိုင်ဆင်ခြင်စဉ်းစားဆုံးဖြတ်ပြီး အသက်အန္တရာယ်ရှိနိုင်သည့် ယာဉ်မောင်းနှင်မှုကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်းကိုလည်း ဝန်ကြီးကထည့်သွင်း ဖြေကြားသွားသည့်အပြင် ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ ပုဒ်မ ၇၄ (က) နှင့် ၇၅ (က)တို့ကိုလည်း ရှင်းလင်းပြောကြားသွားသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး (မန္တလေး)တွင် ယာဉ်မောင်းလိုင်စင်များထုတ်ပေးရာ၌ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်အတွက် အနိမ့်ဆုံးအသက် (၁၆)နှစ်နှင့် မော်တော်ယာဉ်မောင်းလိုင်စင်အတွက် အနိမ့်ဆုံးအသက် (၁၈)နှစ်ပြည့်ပြီးသူများကိုသာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဒီစီအီး(မန္တလေး)

အစိုးရ/စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကြေညာချက် (၅/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများ စာရင်းရှင်းလင်းပြန်လည်ထုတ်ယူရန်ကိစ္စ

အောက်ဖော်ပြပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်ရှိသည်များကို သက်ဆိုင်ရာ လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်မှ အောက်တိုဘာလ ၂၃ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အမြန်ဆုံး စာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့် အကယ်၍လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ စာရင်းရှင်းလင်းခြင်းမပြုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

(က)	၂၀၀၅ ခုနှစ်	ကြေညာချက်	၂/၂၀၀၅၊ ၃/၂၀၀၅၊ ၄/၂၀၀၅၊ ၅/၂၀၀၅၊ ၆/၂၀၀၅
(ခ)	၂၀၀၆ ခုနှစ်	ကြေညာချက်	၁/၂၀၀၆၊ ၂/၂၀၀၆၊ ၄/၂၀၀၆၊ ၅/၂၀၀၆
(ဂ)	၂၀၀၇ခုနှစ်	ကြေညာချက်	၁/၂၀၀၇၊ ၂/၂၀၀၇၊ ၃/၂၀၀၇၊ ၄/၂၀၀၇၊ ၅/၂၀၀၇၊ ၆/၂၀၀၇
(ဃ)	၂၀၀၈ ခုနှစ်	ကြေညာချက်	၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈၊ ၄/၂၀၀၈၊ ၅/၂၀၀၈၊ ၆/၂၀၀၈
(င)	၂၀၀၉ခုနှစ်	ကြေညာချက်	၁/၂၀၀၉၊ ၂/၂၀၀၉၊ ၃/၂၀၀၉၊ ၄/၂၀၀၉၊ ၅/၂၀၀၉၊ ၆/၂၀၀၉
(စ)	၂၀၁၀ပြည့်နှစ်	ကြေညာချက်	၁/၂၀၁၀၊ ၂/၂၀၁၀

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း



ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
ရုံးအဆောက်အအုံများဆောက်လုပ်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ အောက်ဖော်ပြပါအဆောက်အအုံများကို ရေသန့်နှင့်လျှပ်စစ်လုပ်ငန်း၊ မြေပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ အပါအဝင် ရေးဆွဲထားသည့် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်-

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
(က)	သန်လျင်မြို့နယ် တရားရုံး	အလျား၇၈ပေ×အနံပေ ၆၀ RC နှစ်ထပ်အဆောက်အအုံ [အချုပ်ခန်း၊ သက်သေနားနေဆောင်၊ သန့်စင်ခန်းများ(အတွင်း၊ အပြင်) ရေသန့်/လျှပ်စစ် လုပ်ငန်းပါဝင်သည်။]	သန်လျင်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ အောင်ဇေယျလမ်းနှင့်စည်ပင်ရုံးလမ်းထောင့်၊ အကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ် ၃၃၊ ဧရိယာ ၀.၂၇ ဧက
(ခ)	ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တရားရုံး	အလျား၁၂၈ပေ×အနံ၄၂ပေ အမြင့် ၁၂ပေ၊ RC တစ်ထပ်အဆောက်အအုံ [အချုပ်ခန်း၊ သက်သေနားနေဆောင်၊ သန့်စင်ခန်းများ(အတွင်း၊အပြင်) ရေသန့်/လျှပ်စစ်လုပ်ငန်းပါဝင်သည်။]	ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အကွက်အမှတ် ၉၁၊ အမှတ်(၆/၆-၁)၊ ဧရိယာ ၀.၇၉၂ ဧက

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၉-၉-၂၀၁၃ရက်မှ ၁၈-၁၀-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအထိ ရုံးဖွင့်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၁၀-၂၀၁၃ ရက်၊ ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအတွင်း ရန်ကုန် တိုင်းဒေသကြီးတရားလွှတ်တော်၌ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ ဖုန်း-၀၁-၃၈၂၀၂၇ သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့.

၈ ~ ၁၀တန်
လမ်းကြိတ်စက်ရောင်း/ငှား
ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၁၃၁၂၂၂

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တွင်းငယ်-မိုးမိတ်လမ်း(မန္တလေးတိုင်းဒေသကြီး) လမ်းအထူးအဖွဲ့(၁၃)အပိုင်းအတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စုလမ်း/တံတားလုပ်ငန်းများ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်ပစ္စည်းများကို လမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
(၁)	ခွဲကျောက်မျိုးစုံ	၁၁၅၇ ကျင်း
(၂)	ကျောက်ရောမြေ	၈၀၂ ကျင်း

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၉-၂၀၁၃ ရက်
(ခ) တင်ဒါပိတ်မည့်ရက်၊ အချိန် - ၇-၁၀-၂၀၁၃ ရက် ၁၂း၀၀ နာရီ
(ဂ) တင်ဒါဖွင့်ရက်၊ အချိန် - ၇-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီ
(ဃ) တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့။ ဖုန်း-၀၆၄-၂၃၁၁၈

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့တွင် ၂၄ ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ **တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**

YWCA

ရုံးလုပ်ငန်းဆိုင်ရာ (၁၀)ရက်အထူးသင်တန်း(Vocational Secretarial Training)

နေ့ရက်	-	၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၁၁ ရက်
အချိန်	-	နံနက် ၉း၀၀ - ၄း၀၀ နာရီ
နေရာ	-	YWCA အသင်းတိုက် ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
စုံစမ်းရန်	-	၂၅၆၉၉၀၊ ၂၄၅၆၈၀(လူဦးရေကန့်သတ်ထားပါသည်။)
စာရင်းပိတ်မည့်နေ့	-	၂၇-၉-၂၀၁၃ ရက်(သောကြာနေ့)

"ရုံးလုပ်ငန်းဆိုင်ရာ၊ အခြေခံသိသင့် သိအပ်သော ပညာရပ်များ သိရှိသွားမည်။"

ပခုက္ကူမြို့သမိုင်းဝင်ရွှေတန့်တစ်သရက္ခန်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ပခုက္ကူ စက်တင်ဘာ ၂၂

ပခုက္ကူခရိုင် ပခုက္ကူမြို့နှင့်လေးမိုင်ခန့်အကွာ ချင်းတွင်းနှင့် ဧရာဝတီမြစ်တို့ဆုံရာအနီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းရွာဖြစ်သော ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီးကောင်းမှုတော်သရက္ခန်မြတ်စွာဘုရား ကိန်းဝပ်စံပျော်ရာ ရွှေတန့်တစ်ရွာကြီး၌ (၁၃၇၅ ခုနှစ် တော်သလင်းလပြည့်နေ့) စက်တင်ဘာ ၁၉ ရက်တွင် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ တော်သလင်းလပြည့်နေ့၌ ပခုက္ကူမြို့တစ်ခွင် ရွှေသာလျောင်းဘုရားပွဲ၊ ရွှေချမ်းသာတောင်ဘုရားပွဲ၊ ရွှေမုဋ္ဌောဘုရားပွဲ၊ ရွှေတန့်တစ်သရက္ခန်မြတ်စွာဘုရားပွဲကျင်းပဆင်နွှဲရာ ရွှေတန့်တစ်ဘုရားပွဲသည် အစည်ကားဆုံးဖြစ်သည်ဟု သိရသည်။ ရွှေတန့်တစ်ဗုဒ္ဓပူဇနီယပွဲတော်သို့ ပခုက္ကူ၊ ရေစကြို၊ မြိုင်ခြံနယ်များအပြင်ရန်ကုန်၊ မန္တလေးမြို့များကပါ လာရောက်ဆင်နွှဲကြသည်။ ယခုနှစ်တွင် ဆွမ်းလုံးကုသိုလ်ရှင် ၃၅၃ ဦးရှိသည်ဟု ဒေသခံများက ပြောသည်။ "နံနက် ၇ နာရီခွဲမှာ ဒေဝါဝင်း၊ ရာဇာဝင်း၊ပုဂံဝင်းအပြင် အောင်စည်တော်အဖွဲ့တွေနဲ့ သရက္ခန်မြတ်စွာဘုရားကို ဘုရားကုန်းတော်ပေါ်သုံးပတ်လှည့်ပြီး အပူဇော်ခံပါတယ်။ ဘုရားလှည့်ပြီး သံဃာတော်အရှင်သူမြတ်များကို စာရေးတံမဲနဲ့ ဆွမ်းလုံးကုသိုလ်ရှင်များက လှူဖွယ်ပစ္စည်းအမျိုးမျိုးနဲ့ ဆက်ကပ်ပူဇော်လှူဒါန်းကြပါတယ်"ဟု ရွှေတန့်တစ်မြတ်စွာဘုရားအကျိုးတော်ဆောင်တစ်ဦးက ပြောသည်။ သိကြားမင်းဆက်သသောထူးခြားသည့် သရက္ခန်ရုပ်ပွားတော်များသည် ရှင်မတောင်၌ တစ်ဆူ၊ ပခန်းကြီးမြို့ဟောင်း၌ တစ်ဆူ၊ ရေစကြိုမြို့နယ် ဆင်ကျို့ရွာ၌ တစ်ဆူ၊ ပခုက္ကူမြို့နယ် ရွှေတန့်တစ်ရွာ၌တစ်ဆူ၊ အညာသီဟတော၌ တစ်ဆူကိန်းဝပ်စံပျော်ကြောင်း သိရသည်။ ရွှေတန့်တစ်ရွာကြီး၌ ကိန်းဝပ်သော သရက္ခန်မြတ်စွာဘုရားပူဇော်ပွဲကို ပြာသိုလ၌ သီရိမေ္ဃာသောကမင်းကြီးပွဲ၊ ကဆုန်လ၌ အလောင်းစည်သူပွဲ၊တော်သလင်းလ၌ မင်းတုန်းမင်းကြီးပွဲဟူ၍ ကျင်းပရာ တော်သလင်းလပြည့်နေ့သည် အစည်ကားဆုံးဖြစ်ကြောင်း သိရသည်။

နေဦးမောင် (ပခုက္ကူ)

ကလေးမြို့ စိမ်းလန်းပျံ့ကျဈေးသည်များ လမ်းအနောက်သို့ ပေ ၅၀ ဆုတ်၍ရောင်းချနေရ

ကလေး စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စိမ်းလန်း ပျံ့ကျဈေးသည်များကို စက်တင်ဘာ ၁၇ ရက်က နောက်ဆုံးထားရွှေ့ပြောင်းရန် ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားရာမှ ယခုအခါ စိမ်းလန်းပျံ့ကျဈေးသည်များ လမ်း၏ အနောက်သို့ပေ ၅၀ဆုတ်၍ ရွှေ့ပြောင်း ရောင်းချနေကြကြောင်း သိရသည်။

ကလေးမြို့ရှိ ဈေးသုံးဈေးဖြစ်သည့် မြို့မဈေး၊ တာဟန်းဈေးနှင့် ပင်လုံဈေးကိုသာ ကလေးမြို့ မြို့နယ်စည်ပင်သာယာပိုင်ဈေးများအဖြစ် သတ်မှတ်ထားပြီး လက်ရှိ ဘုရင့်နောင်လမ်း (ကလေးဝလမ်း) ဝယ်ကောင်းနှင့် ချန်းစားသောက်ဆိုင်ကြား လမ်းနယ်နိမိတ်အတွင်း ရောင်းချနေသော စိမ်းလန်းပျံ့ကျဈေးတန်းမှာ ကျူးကျော်ဈေးသာဖြစ်ကြောင်း သိရသည်။

"လမ်းကလည်းကျဉ်းတယ်ဆိုတော့ မီးဘေး၊ ရေဘေးလုံခြုံရေးအတွက် ရည်ရွယ်ချက်နဲ့ လမ်းရဲ့အနောက်ကို ဆုတ်ပြီး နေရာရွှေ့ပြောင်းဖို့ပြောထားတာပါ။ လုံးလုံးပြောင်းရွှေ့ခိုင်းတာတော့ မဟုတ်ပါဘူး၊ စိမ်းလန်းဈေးက တရားဝင်ဈေး မဟုတ်တော့ ကျွန်တော်တို့က နေရာစနစ်တကျ သတ်မှတ်ပေးလို့မရပါဘူး၊ အခု အိမ်ပိုင်ရှင်တွေနဲ့လည်း ညှိနှိုင်းပေးထားပါပြီ" ဟု ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လမ်းနဲ့ အရမ်းကပ်တယ်ပြောလို့ ပထမတစ်ခါ ပေ ၅၀ အကွာ ကျွန်မတို့ကဆုတ်ပေးထားပြီးပြီ၊ အခုတစ်ခါ ဒုတိယအကြိမ်နောက်ကို ဆုတ်ပြီး ရောင်းဖို့ပြောပါတယ်၊ အိမ်ပိုင်ရှင်တွေကိုလည်း အားနာတယ်၊ ကျေးဇူးလည်းတင်ပါတယ်" ဟု စိမ်းလန်းပျံ့ကျဈေးသည်တစ်ဦးကဆိုသည်။

စိမ်းလန်းဈေးတန်းမှာ ၂၀၀၄ ခုနှစ်မှစ၍ စတင်ရောင်းချခဲ့ခြင်းဖြစ်ပြီး စိမ်းလန်းပျံ့ကျဈေးသည်များမှာ ယခင်မြို့မဈေး ဗလီလမ်းမှ တစ်ကြိမ်ပြောင်းရွှေ့ခံထားရသူများဖြစ်ကြောင်း သိရသည်။

ဇိုဟေဆာ (ချင်းတောင်ခြေ)

အစိုးရ/စီးပွားရေးကြော်ငြာ

အိတ်ပိတ်တင်ဒါ (Open Tender) ခေါ်ယူခြင်း

[illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၂/၂၀၁၃-၂၀၁၄

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပျဉ်းမနား-ပင်လောင်းလမ်း(ပြင်/ထိန်း)လုပ်ငန်းအတွက် လိုအပ်သည့်လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်	ပေးသွင်းရမည့်နေရာ
(၁)	ကျောက်ရွယ်စုံ	(၁၀၄၇. ၄၄)ကျင်း	ပျဉ်းမနား-ပင်လောင်းလမ်း
(၂)	မြူနီးသဲ	(၁၃၂)ကျင်း	မိုင် ၄၅/၀-၆၆/၃ အတွင်း

၂။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၇-၁၀-၂၀၁၃ရက်၊ ၁၁း၀၀နာရီ

တင်ဒါဖွင့်မည့်နေရာ - ပျဉ်းမနား-ပင်လောင်းလမ်း၊ ပင်လောင်းရှေ့တန်းစခန်းဝင်း၊ ပင်လောင်းမြို့နယ်၊ လမ်းအထူးအဖွဲ့(၁၃)။

တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၇-၁၀-၂၀၁၃ ရက်၊ ၁၃း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့နှင့် ပျဉ်းမနား-ပင်လောင်းလမ်း၊ ရှေ့တန်းစခန်းဝင်း၊ ပင်လောင်းမြို့၊ ဖုန်း-၀၆၄-၂၃၁၁၈၊ ၀၈၁-၅၄၄၉၈ တို့တွင် ၂၃-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပျောက်ဆုံး

ကျွန်မ ဒေါ်စန္ဒာ၏ နိုင်ငံကူးလက်မှတ်အုပ်နံပါတ်(M-024689)နှင့် သမီး ဖြူစင်သန့်၏ နိုင်ငံကူးစာအုပ်နံပါတ် (M-024515)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၅၅၆၉၁



ကန့်ကွက်နိုင်ပါသည်။

[illegible]

ဆင်းကြွယ်နီး (LL.B., LL.M.)

စာပေဗိမာန် စာကြည့်တိုက်ဖွင့်လှစ်ထား

ရန်ကုန် စက်တင်ဘာ ၂၂

စာပေမြတ်နိုးသူများလေ့လာဖတ်ရှုမှတ်သားနိုင်ရန်အတွက် ခေတ်အဆက်ဆက်မှ စာအုပ်၊ စာပေများ၊ စာတမ်းများ၊ အတ္ထုပ္ပတ္တိ၊ ကျမ်းစာအုပ်များအပါအဝင် အင်္ဂလိပ်-မြန်မာစာပေမျိုးစုံကို တစ်နေရာတည်းတွင် ဖတ်ရှုလေ့လာနိုင်ရန်အတွက် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်၌ စာကြည့်တိုက် ဖွင့်လှစ်ထားသည်။ စာကြည့်တိုက်ဖွင့်ရက်များတွင် စာဖတ်သူအရွယ်မျိုးစုံအပါအဝင်ကျောင်းသားကျောင်းသူများ နေ့စဉ်လာရောက်လေ့လာဖတ်ရှုလျက်ရှိကြသည်။

စာကြည့်တိုက်တွင် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းများကို အခမဲ့ဖတ်ရှုနိုင်သည်။ အသင်းဝင်မဟုတ်သော်လည်း လိုအပ်ချက်အရ ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို စာကြည့်တိုက်အတွင်း ဖတ်ရှုလိုပါက စာဖတ်သူက မှတ်ပုံတင် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ယာဉ်မောင်းလိုင်စင် စသည့်ကတ်တစ်ခုခုပြသအပ်နှံကာ ခေတ္တငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ရှားပါးစာအုပ်များ အပါအဝင်စာအုပ်စာစောင်များကို e-Book ဖြင့် ဖတ်ရှုနိုင်အောင်စီစဉ်ထားပြီး စာကြည့်တိုက်အတွင်း Lan Networking အနေဖြင့် ကြည့်ရှုနိုင်သည်။ အင်တာနက် အခမဲ့အသုံးပြုနိုင်ရန်နှင့် အသုံးပြုရာတွင် Wi-Fi လွယ်ကူလျင်မြန်စေရန် စာဖတ်သူ ရယူလိုသော အချက်အလက်များကို မိတ္တူ၊ ကွန်ပျူတာဖြင့် Print out/ soft copy (CD) ဖြင့် ရယူနိုင်ရန် စီစဉ်ဆောင်ရွက် ပေးထားသည်။

အဆိုပါ စာပေဗိမာန်စာကြည့်တိုက်ကို နေ့စဉ်(တနင်္လာနေ့မှ သောကြာနေ့အထိ) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊(စနေနေ့)တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိလည်းကောင်းဖွင့်လှစ်ထားသည်။ ပြည်သူများ စာပေဗဟုသုတလေ့လာဖတ်ရှုနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ဝန်ထမ်းများက နွေးထွေးသော ဝန်ဆောင်မှုကောင်းများဖြင့် ကြိုဆိုလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဂျုံးဂျုံးကျ ယာယီလမ်းလွှဲတံတားသွားလာရေး အဆင်ပြေလွယ်ကူ

မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၁

မော်ကျွန်း-ရန်ကုန် အဝေးပြေးမော်တော်ကားလမ်းတွင် အရေးပါသည့် မော်လမြိုင်ကျွန်းမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ဂျုံးဂျုံးကျကျေးရွာချောင်းကူး အာစီကွန်ကရစ်တံတားကို စတင်ဆောက်လုပ်တော့မည်ဖြစ်ရာ တံတားဆောက်လုပ်စဉ်ကာလအတွင်း ပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူစေရေးအတွက် ဂျုံးဂျုံးကျ ယာယီလမ်းလွှဲတံတားကို ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ယခုအခါ ဂျုံးဂျုံးကျ ယာယီလမ်းလွှဲတံတားပေါ်မှ အဝေးပြေးမော်တော်ယာဉ်များ၊ သုံးဘီး(တုတ်တုတ်)ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနေကြပြီဖြစ်သည်။**(ဓပုံ)**

ယင်းဂျုံးဂျုံးကျ အာစီကွန်ကရစ်တံတားသစ်မှာ အလျား ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေခွဲစီရှိပြီး ယာဉ်နှစ်စီးသွားလာနိုင်သော တံတားဖြစ်သည်။

"ဂျုံးဂျုံးကျ ယာယီလမ်းလွှဲတံတားတည်ဆောက်ပြီးစီးသွားတော့ ခရီးသွားပြည်သူတွေအတွက် သိပ်အဆင်ပြေတာပေါ့၊ မော်ကျွန်း-ရန်ကုန် အဝေးပြေးမော်တော်ယာဉ်တွေလည်း မူလခရီးစဉ်အတိုင်း ရပ်နားမှုမရှိဘဲ သွားလာနိုင်ကြပါတယ်၊ အခုဆိုရင် မော်ကျွန်းက ကုန်းလမ်းနဲ့ ရေလမ်း နှစ်လမ်းသွားလာနိုင်ပါပြီ၊ကျွန်တော်လည်း အရေးကြီးကိစ္စနဲ့ လာတာ ရန်ကုန်ပြန်ဖို့ ဂျုံးဂျုံးကျလမ်းလွှဲတံတားပြီးနေလို့ အပြန်ခရီးအတွက် သိပ်အဆင်ပြေသွားပါပြီဗျာ" ဟု ခရီးသွားပြည်သူတစ်ဦးက ဝမ်းသာအားရ ပြောသည်။

(မော်ကျွန်း-မြင့်အောင်)

နံနက်ခင်းအာဟာရကိုပေးသည့် ပဲပြုတ်ဆီဆမ်းနှင့်ထမင်းကြမ်း

မြန်မာနိုင်ငံတစ်ဝန်းမှီတင်းနေထိုင်ကြသော ပြည်သူလူဦးရေ၏ ခုနစ်ဆယ်ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ထိုသူများ မက်မက်မောမော စားကြသည့် နံနက်စာမှာ ပဲပြုတ်ဆီဆမ်းနှင့် ညဦးကတည်းက ပိုလျှံအောင်ချက်ထားသည့် ထမင်းကြမ်းဖြစ်သည်။

ပဲပြုတ်ဟုဆိုလိုက်သည်နှင့် မျက်စိထဲတွင် မြန်မာ့ရိုးရာစားစရာ စားတော်ပဲလုံးပြုတ်ကိုမြင်ပြီးဖြစ်ရပါသည်။ ရေစိမ်ထားပြီး အညှောင့်ကလေးများ ထွက်နေသော စားတော်ပဲလုံးကို အနူးမြန်အောင် စားဆိုဒါနှင့်ဆားသင့်ရုံထည့်ပြုတ်ထားသဖြင့် ဆိမ့်သောအရသာ ခပ်လေးလေးနှင့်ချိုငန်သောအရသာများပါသည့် ပဲပြုတ်ဖြစ်သည်။ ထိုပဲပြုတ်ကို နှမ်းဆီ မွှေးမွှေးလေးဆမ်းပြီး စားလေ့ရှိကြသည်။ အောက်ပြည်အောက်ရွာများတွင် နှမ်းဆီကိုသိပ်မသုံး၊ ဟင်းချက်ရာတွင်သုံးသည့် မြေပဲဆီကိုသာ ဆမ်းစားလေ့ရှိကြသည်။

ကျေးလက်နေပြည်သူများ ထမင်းကြမ်းစားကြခြင်းမှာ အဆာခံခြင်းကြောင့်ဖြစ်သည်။ နံနက်စောစော နွားတစ်ရှဉ်းနှင့် တောင်ယာလယ်တောဆင်းသူများအဖို့ နေ့လယ်နေမြင့်လာလျှင် နွားများနေမပူအောင် အလုပ်သိမ်းအိမ်ပြန်ကြရသည်။ ထိုအချိန်အတွင်း နောက်ထပ်ဗိုက်မဆာစေရန် ထမင်းကြမ်းကိုစားကြရခြင်းဖြစ်သည်။ အမှန်မှာ အစာအိမ်နှင့်သင့်တော်သော နံနက်ခင်းစာမှာ ထမင်းပူပူနွေးနွေးဖြစ်သည်။ ထမင်းအေးသည် ဝမ်းမီးကို ငြိမ်းစေသဖြင့် အလုပ်မလုပ်သောသူများ မစားသင့်ပေ။ ရင်တောင့်ပြီးအစာမကြေဖြစ်ရာမှ ကြာလျှင်အစာအိမ်ရောင်ရောဂါရနိုင်သည်။

စားတော်ပဲပြုတ်ကို ခံတွင်းတွေ့ကြခြင်းမှာ စားဆိုဒါနှင့်ပြုတ်ထားသောကြောင့်ဖြစ်သည်။ စားဆိုဒါသည် အစာအိမ်မှလေကို အထက်သို့ပွ၍တက်စေသော အစာဖြစ်သဖြင့် ဆိုဒါများလွန်းလျှင် မကောင်းပေ။ ပဲပြုတ်ပြုတ်သူများက ပဲလုံးအနူးမြန်စေရန်ထည့်ပြုတ်သောအခါ စားဆိုဒါများလျှင် သွေးတိုးရောဂါဖြစ်လာနိုင်သည်။ သင့်ရုံသာ ထည့်သင့်ပါသည်။

မြန်မာ့ရိုးရာအစားအစာပဲပြုတ်သည် အင်္ဂလိပ်ခေတ်တွင် အိန္ဒိယမှပါလာသော ကာကာများ၏လက်ဖက်ရည်ဆိုင်များမှ နံပြားနှင့်ပေါင်းပြီး ရန်ကုန်မှစ၍လူကြိုက်များသော အစာဖြစ်လာသည်။ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးနှင့် "ကြည် . . . ပဲပြုတ်နှင့်နံပြား ရရင်စားချင်တယ်" ဟူသောစာမှာ သမိုင်းဝင်စာဖြစ်ခဲ့သည်။

ပဲအမျိုးမျိုးရှိပါလျက် စားတော်ပဲလုံးကိုမှ လူကြိုက်များရခြင်းမှာ ဆိမ့်၍အားရှိသော ပဲမျိုးဖြစ်ခြင်းကြောင့်ဖြစ်သည်။ ကုလားပဲနှင့်မတူသော အချက်မှာ ကုလားပဲသည်အားရှိသော်လည်း ဝမ်းကိုချုပ်စေသည်။ စားတော်ပဲသည် လေကိုပွစေသဖြင့် ဝါယောဓာတ်ပါသောအစားအစာဖြစ်သည်။ ဝမ်းကိုမချုပ်စေပေ။ စားတော်ပဲလုံးရေစိမ်သောအခါ အညှောင့်ငယ်လေးများထွက်သဖြင့် အရည်ကိုစုပ်ယူနိုင်သည့်အာပေါစာဖြစ်သည်။ အညှောင့်ပေါက်ကလေးတွင် တွန်းကန်ထွက်နိုင်သည့်အာကာသဓာတ်ရှိသဖြင့် စားတော်ပဲစားလျှင် ချွေးထွက်စေနိုင်သောသတ္တိရှိသည်။ အဖျားရှိသူများ ကုလားပဲနှင့် မတည့်သော်လည်း စားတော်ပဲပြုတ်နှင့်တည့်သည်။ နံနက်စာအဖြစ် ထမင်းပူပူနှင့်စားနိုင်သည်။

မြန်မာ့ရိုးရာအစားအစာများတွင် နံနက်စောစော စားလေ့ရှိသော စားတော်ပဲပြုတ်သည် ကျန်းမာရေးနှင့်သင့်တော်သောအစာဖြစ်သည်။ ပိန်သူဖြစ်စေ၊ ဝသူဖြစ်စေ သင့်တော်ပြီး အာဟာရဓာတ်လည်းပြည့်စုံသောအစာဖြစ်သည်။ အထူးပါဝင်သောသတ္တိထူးမှာ အစာသစ်အိမ်တွင် ခိုအောင်းနေသောလေချဉ်လေဟောင်းကို ဖွထုတ်ပြီး အပြင်သို့ ထွက်စေကာ အစာစားချင်စိတ်ကိုဖြစ်စေသောသတ္တိ၊ ဆာလောင်သောအပူကိုငြိမ်းစေပြီး အာဟာရဖြစ်စေသောအစာဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ကြည်လွင်မြင့်(မုဒြာ)

အစိုးရ
ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါ စီမံကိန်း(၂)ခုအား ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်အပ်ပါသည်-
(က) ကျောက်ဆည်ဒေသတွင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးရန် Gas Engine Generator များ ငှားရမ်းခြင်း
(ခ) မြင်းခြံဒေသတွင် Combined Cycle Power Plant(CCPP) တည်ဆောက်ပြီး Independent Power Producer (IPP)စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပေးခြင်း
၂။ ဖော်ပြပါစီမံကိန်း (၂)ခုအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို "ရွှေ"ကမ်းလွန် သဘာဝဓာတ်ငွေ့ကို အသုံးပြုပါမည်။
၃။ Gas Engine Generator များ ငှားရမ်းခြင်းအတွက် အဆိုပြုလွှာနှင့် ဈေးနှုန်းများအား ၁၈-၁၀-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၄။ Combined Cycle Power Plant(CCPP) တည်ဆောက်ပြီး Independent Power Producer(IPP) စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် အဆိုပြုလွှာအား ၃၀-၁၁-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။
၅။ စီမံကိန်းများနှင့်သက်ဆိုင်သည့် စံချိန်စံညွှန်းများကိုလည်းကောင်း၊ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကိုလည်းကောင်း ယခုကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း-
(က) Gas Engine Generator များ ငှားရမ်းခြင်းအတွက် ၃၀-၉-၂၀၁၃ ရက်ထိလည်းကောင်း၊
(ခ) Combined Cycle Power Plant တည်ဆောက်ခြင်းအတွက် ၁၅-၁၀-၂၀၁၃ ရက်ထိလည်းကောင်း၊
အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။
ဦးဆောင်ညွှန်ကြားရေးမှူးရုံး
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်-၂၇၊ နေပြည်တော်၊ ဖုန်း +၉၅၆၇၄၁၀၂၀၂၊ ဖက်စ် +၉၅၆၇၄၁၀၀၇၄
၆။ တင်ဒါစည်းကမ်းနှင့် စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များကို ယခုကြော်ငြာသည့်နေ့ရက်၏ နောက်တစ်နေ့မှစတင်၍ ပစ္စည်းစီမံရေးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၉-၂၀၁၃** ရက်နေ့မှ စတင်၍ **၃၀-၁၁-၂၀၁၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ပြင်ဦးလွင်မြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၃** မှ **၃၀-၁၂-၂၀၁၃** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၆၅၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၆၆၀၀၀/-** ၊ တတိယနှစ် **ကျပ် ၆၇၀၀၀/-**ရရှိမည်။ ထို့အပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး **ကျပ် ၃၀၀၀၀/-** အား ခံစားခွင့်ပြုသည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

အမြတ်ဆုံး သိမ်အကာ ဘုရားအကာ ကျောင်းအကာ ဝယ်ယူပါ

ဂါဂါမြေ
ဗုဒ္ဓဂယာ နှင့် ပြည်တွင်း ခရီးသွားလုပ်ငန်း
Promotion (၁၀)ဦး + (၁)ဦး အခမဲ့
* ဗုဒ္ဓဂယာ၊ နာလန္ဒာ၊ ရာဇဂြိုဟ် (၃) ည (၄) ရက်
* သံဝေဇနီယလေးဌာန၊ နီပေါ၊ လုမ္ဗိနီ၊ ရာဇဂြိုဟ် (၇) ည (၈) ရက်
* (သံဝေဇနီယ + အဝိဇဟိတ) လေးဌာန၊ နယူးဒေလီ (၁၄) ည (၁၅) ရက်
Promotion (၃)ဦး + (၁)ဦး အခမဲ့
Oct 17 · Oct 18 · Oct 18 · Oct 18 · Oct 18
Ph: 09.73340050, 09.73340051, 09.73340052, 09.420187871, 09.420187872

ဝေဘာရွှေတိုင် အိန္ဒိယ-နီပေါ-သီရိလင်္ကာ-ထိုင်း-ပြည်ပဘာသာရေးခရီးစဉ်
သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန (၁၅) ရက်ခရီး
ထွက်ခွာမည့်နေ့ (20 Oct 2013)
(၇) ရက်ခရီး
ထွက်ခွာမည့်နေ့ (၁၄-၁၀-၂၀၁၃)
ဒေါ်ဝင်းဝင်း

မြစိမ်းမြန်မာ ဗုဒ္ဓဂယာ
EMERALD MYANAMR
ဗုဒ္ဓဂယာ + နာလန္ဒာ + ရာဇဂြိုဟ်
09-49589762, 09-49589764, 09-421013999, 09-421014999

မွေးနေ့မင်္ဂလာဆုတောင်း

၂၈-၈-၂၀၁၃ ရက်တွင် ကျရောက်သော ချစ်သမီးကြီး **ခခ(ခ)နှင်းအဥ္ဇလီ**၏ (၁၂)နှစ်မြောက်မွေးနေ့နှင့် ၂၃-၉-၂၀၁၃ ရက်တွင် ကျရောက်သော ချစ်သားလေး **ခေးခေး(ခ)သတိုးသီဟအောင်**၏ (၁)နှစ်ပြည့်မွေးနေ့ မင်္ဂလာရက်မြတ်တို့မှသည် နှစ်ပေါင်းရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် အလိမ္မာသမီးကြီး၊ အလိမ္မာသားလေးဖြစ်ပြီး၊ ပြီးပြည့်စုံသောဘဝကို သမီးနှင့်သား ရရှိပိုင်ဆိုင်နိုင်စေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။

ချစ်ဘွားဘွား	- **ဒေါ်တင်မြ၊ ဒေါ်စမ်းမြင့်**
ချစ်ဖေဖေ	- **ဦးဟန်ဦး**
ချစ်မေမေ	- **ဒေါ်တိုးတိုးသွင်**
ချစ်ကြီးကြီး	- **ဦးမင်းလွင်-ဒေါ်နွယ်နီထိုက်**
ချစ်ကြီးကြီး	- **ဦးတင်အေး-ဒေါ်ဖြိုးဖြိုးသွင်**
ချစ်တီတီလေး	- **သစ်သစ်သွင်**
ချစ်ဦးငယ်လေး	- **စည်သူမောင်(ခ) ရန်နောင်သွင်**
ချစ်မောင်လေး/ကိုကြီး	- **သုတမင်းလွင်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းမကြီး၊ အမှတ်(၁၅၅)ဟု ခေါ်တွင်သော လှာချင်း(၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် ခေါင်းရင်းခန်းတိုက်ခန်းကို တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးပြည်စိုးအောင်[၁၂/သဃက(နိုင်)၀၆၁၇၃၇]မှ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဖော်ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် သဘောတူညီပါသဖြင့် တိုက်ခန်း၏ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းစိုး (B.Sc.,H.G.P.,R.L)တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၃/အေ)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၃၆၉၈၊ ၂၂၃၇၁၀၊ ရုံးဖုန်း-၀၉ ၅၀ ၈၈၈၅၆

တရားလွှတ်တော်ရှေ့နေ ဦးထွန်းသိန်း၊ ဦးခင့်အောင်နှင့် အေးချမ်းမေတ္တာ ရောင်းဝယ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ယဉ်ယဉ်စိန်၊ C.E.O ဦးဇော်ဝင်း၊ ဒေါ်အေးအေးဝင်းနှင့်အများသိစေရန်

ကျွန်ုပ်အမှုသည်ဖြစ်သော FISCA Enterprises(TAC Technical Co.,Ltd.)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝိတ်၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၀-၉-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာတွင် အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။ လူကြီးမင်းတို့ ကြော်ငြာချက်သည် လုံးဝ(လုံးဝ)မှန်ကန်မှု မရှိပါ။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအရ ကုမ္ပဏီစာရင်းရှင်းလင်းရန် လျှောက်ထားမှုသည် အမွေဆိုင်ကိစ္စနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါ။

တရုတ်ပြည်ပီကင်းမြို့ရှိ Xin Wei ကုမ္ပဏီသည်လည်းကောင်း၊ Xin Wei ကုမ္ပဏီ၏ ကိုယ်စားလှယ်အေးချမ်းမေတ္တာကုမ္ပဏီအနေဖြင့်သော်လည်းကောင်း၊ Mc Will ဆက်သွယ်ရေးစက်ပစ္စည်းများကို မြန်မာပြည်သို့ တင်သွင်းခွင့်တရားဝင်ရရှိထားခြင်းမရှိသလို တရားဝင်တင်သွင်းခဲ့ခြင်းမရှိဘဲ Xin Wei ကုမ္ပဏီပိုင်ပစ္စည်းများဖြစ်ကြောင်း အထောက်အထားမဲ့ ပြောဆိုနေခြင်းသာ ဖြစ်ပါသည်။

Mc Will ဆက်သွယ်ရေးစက်ပစ္စည်းများသည် FISCA ENTERPRISES (TAC Technical Co.,Ltd.) မှ တရားဝင်တင်သွင်း၍ တပ်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှလည်း FISCA ENTERPRISE သို့ ငွေပေးချေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ Mc Will ဆက်သွယ်ရေးစနစ်အတွက် ရရန်ရှိငွေများကို ရတနာပုံတယ်လီပို့သို့ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတောင်းခံနေခြင်းသာဖြစ်ကြောင်း တုံ့ပြန်ရှင်းလင်းအပ်ပါသည်။

လူကြီးမင်းတို့၏ ဖြစ်ရပ်မှန်အပေါ် အခြေခံထားခြင်းမရှိသော ကြော်ငြာချက်များကို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။**လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်မြင့်မြင့်ဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၆)

(သီဟ-၇၆) ဗိုလ်သင်တန်းဆင်းသူငယ်ချင်းများသို့

ဗိုလ်သင်တန်းဆင်း (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာနာယက ကျောင်းတော်ကြီးတွင် ၂၉-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ဗိုလ်မှူးစိုးနိုင်(ငြိမ်း)	(နေပြည်တော်)	၀၉ ၅၁၀၆၂၇၅
ဗိုလ်ကြီးဝင်းမြင့် (ငြိမ်း)	(နေပြည်တော်)	၀၉ ၄၉၆၆၄၁၁၀
ဗိုလ်ကြီးတင်ဌေး (ငြိမ်း)	(နေပြည်တော်)	၀၉ ၈၃၀၆၀၇၇
ဗိုလ်မှူးမျိုးဝင်း(ငြိမ်း)	(ရန်ကုန်)	၀၉ ၈၆၁၆၅၅၇
ဗိုလ်ကြီးအေးမြင့် (ငြိမ်း)	(ရန်ကုန်)	၀၉ ၄၃၀၃၁၇၅၅
ဗိုလ်ကြီးတင်ဝင်း (ငြိမ်း)	(ဒလ)	၀၉ ၅၁၈၄၁၁၃
ဗိုလ်ကြီးမြင့်စိုး(ငြိမ်း)	(မန္တလေး)	၀၉ ၉၁၀၁၃၃၀၅

၂၆-၈-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးစန်းဝင်းနှင့် ၎င်း၏အမှုသည် ဦးလှမြိုင်(ခ)ဦးကျော်ကျော်တို့၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၄၄၇)၊ ၅-လွှာတွင် နေထိုင်သူ ဒေါ်ဌေးဌေးခိုင် [၁၂/ကတတ(နိုင်)၀၁၀၀၇၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဌေးဌေးခိုင်နှင့် ဦးလှမြိုင်(ခ)ဦးကျော်ကျော်တို့သည် နှစ်သက်ကြာရှည်စွာ ပေါင်းသင်းနေထိုင်ခဲ့ကြလျက် ဒေါ်ဌေးဌေးခိုင် ရောဂါဝေဒနာခံစားနေရသောအချိန်တွင် ဦးလှမြိုင်(ခ)ဦးကျော်ကျော်မှ ဒေါ်ဌေးဌေးခိုင်၏ ကိုယ်စိတ်နှစ်ပါးတို့ကို ဆင်းရဲအောင် ပြုလုပ်လျက် လင်မယားနှစ်ဦးပိုင်ပစ္စည်းများတို့ကို ခွဲဝေပေးရန် တောင်းဆိုခဲ့ပါသည်။ ဦးလှမြိုင်(ခ)ဦးကျော်ကျော်၏ တောင်းဆိုမှုအရ လင်မယားချင်း ဆွေးနွေးညှိနှိုင်းကြပြီး လင်မယားနှစ်ဦး တရားဝင်ကွာရှင်းပြတ်စဲကြရန်နှင့် လင်မယားနှစ်ဦးပိုင် ပစ္စည်းများတို့ကို ခွဲဝေရယူကြရန် သဘောတူညီခဲ့ကြလျက်၊ ၎င်းတို့လင်မယားနှစ်ဦး သဘောတူညီခဲ့ကြသည့်အတိုင်း တရားဝင်ကွာရှင်းပြတ်စဲစေရန်နှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများတို့ကို ခွဲဝေပေးစေရန် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပေးရန် အပ်နှံခဲ့သဖြင့် ကျွန်ုပ်တရားလွှတ်တော် ဦးသန်းစိုးမှ လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။

လက်ခံဆောင်ရွက်နေစဉ်ကာလအတွင်း ဦးလှမြိုင်(ခ)ဦးကျော်ကျော်မှ စီးပွားရေးလုပ်ငန်းကိစ္စဖြင့် အလျင်အမြန်ခရီးထွက်လိုကြောင်း၊ ခရီးမထွက်မီ လင်မယားနှစ်ဦး ခွဲဝေယူကြမည့် ပစ္စည်းများအနက် ၎င်းဝေစုရရှိမည့် လှိုင်သာယာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၄၉၄/က/ခ)ဟု ခေါ်တွင်သော ဂိုဒေါင်နှင့် တည်ရာမြေကွက်တို့ကို ရောင်းချသွားလိုကြောင်း၊ သို့ဖြစ်၍ လင်မယားနှစ်ဦး ပစ္စည်းရယူခွဲယူသည့် နှစ်ဖက်သဘောတူကတိစာချုပ်ကို အလျင်အမြန် ချုပ်ဆိုပေးပါရန်နှင့် ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိသည့်အခါတွင် တရားဝင်ကွာရှင်းပြတ်စဲသည့် စာချုပ်ကို ဆက်လက်ချုပ်ဆိုပေးရန် ပြောကြားခဲ့သဖြင့် ၇-၃-၂၀၁၃ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် လင်မယားနှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများတို့ကို အပြီးအပိုင်ခွဲဝေရယူခြင်း၊ နှစ်ဖက်သဘောတူ ကတိစာချုပ်ကို ချုပ်ဆိုပေးခဲ့ရခြင်း ဖြစ်ပါသည်။

ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေးမှူးတို့မှ အဆိုပါစာချုပ်ကို ချက်ချင်းလက်ခံ မှတ်တမ်းမတင်ပေးဘဲ လင်မယားနှစ်ဦးတို့ကို သေချာစွာ စစ်ဆေးဖြောင်းဖြ၍ အဆိုပါစာချုပ်ချုပ်ဆိုခြင်းမှာ လင်မယားကွာရှင်းသည့် သဘောမျိုးသက်ရောက်၍ အချိန်ပေးစဉ်းစားကြစေရန် ပြောဆိုဆုံးမခဲ့ပြီးနောက်မှ လင်မယားနှစ်ဦးတို့၏ လွတ်လပ်သော စိတ်ဆန္ဒများတို့အရ ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဦးလှမြိုင်(ခ)ဦးကျော်ကျော်အား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အတင်းအဓမ္မခေါ်ဆောင်သွားခြင်း၊ ခြိမ်းခြောက်ခြင်းများ အလျဉ်းမရှိခဲ့ပါ။

ဦးလှမြိုင်(ခ)ဦးကျော်ကျော်သည် အဆိုပါစာချုပ်ချုပ်ဆိုပြီး ခရီးထွက်ခွာသွားခဲ့ရာ ယနေ့တိုင် ဇနီးဖြစ်သူ ဒေါ်ဌေးဌေးခိုင်ထံသို့ပြန်မလာဘဲ နောက်အိမ်ထောင်ထူထောင်ပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ဌေးဌေးခိုင်မှ ခင်ပွန်းဖြစ်သူ ဦးလှမြိုင်(ခ)ဦးကျော်ကျော်အပေါ် ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဒု-ခရိုင်တရားရုံး(၅)တွင် တရားမကြီးမှုအမှတ်-၄၀၅/၂၀၁၃ ဖြင့် လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုခဲ့ပါသည်။ ဦးလှမြိုင်(ခ)ဦးကျော်ကျော်သည် ၇-၃-၂၀၁၃ ရက်တွင် ချုပ်ဆိုခဲ့သော လင်မယားနှစ်ဦးပိုင်ပစ္စည်းခွဲဝေရယူခြင်း နှစ်ဖက်သဘောတူကတိစာချုပ်အရ လက်ခံရရှိခဲ့ပြီး ဖြစ်သည့် ငွေသားကျပ်(၁၅၀)သိန်း၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၄၉၄/က/ခ)ဟု ခေါ်တွင်သော ဂိုဒေါင်နှင့်ဂရန်မြေ ရောင်းချရရှိငွေကျပ် (၅၇၀)သိန်းနှင့် တိုက်ကြီးမြို့နယ်၊ လှိုင်ရိုးမ၊ တောင်ပေါ်ကြိုးဝိုင်း၊ အကွက်အမှတ်(၁၃)၊ သစ်မာစိုက်ကွင်းဧက (၁၀၀)တို့ကို အကျိုးရယူခံစားခဲ့ပြီးဖြစ်၍ ဒေါ်ဌေးဌေးခိုင် လက်ခံရရှိခဲ့သည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်၊ တိုက်အမှတ်(၄၄၇)၊ မြေညီထပ်၊ ယာဘက်ခန်း၊ ဘယ်ဘက်ခန်းနှင့် ၅-လွှာတိုက်ခန်း၊ တိုက်ခန်း(၃)ခန်းတို့အပေါ် တစ်စုံတစ်ရာကန့်ကွက်တားဆီးပိုင်ခွင့်မရှိကြောင်း ဒေါ်ဌေးဌေးခိုင်၏ စိတ်ဆန္ဒအရ ရောင်းချပေါင်နှံမှုစ၍ အခြားနည်းတစ်စုံတစ်ရာဖြင့် ပြုလုပ်လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းစိုး(B.Sc.,H.G.P.,R.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၀၇)
အမှတ်(၁၃/အေ)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၂၃၆၉၈၊ ၂၂၃၇၁၀၊ ရုံးဖုန်း-၀၉ ၅၀ ၈၈၈၅၆

27th SEA GAMES ကြီး အနမ်းနီးလာပြီ...
SEA GAMES
Ph: 09 730 56872 Ph: 09 910 28077

O.T.S(54) ၏ (၃၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၄)၏ (၃၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် နိုင်ငံတော်အတွက် ကျရာတာဝန်များကို ထမ်းဆောင်ရင်း ကျဆုံး/ကွယ်လွန်သွားသည့် သူငယ်ချင်းများအတွက် ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တစ်နေ့စာ အာဟာရလှူဒါန်းခြင်းနှင့် မိသားစုဝင်များ မိတ်ဆုံစားပွဲအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူရတပ်ခွဲမှ ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	- ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် (တနလ်ာနေ့)
အချိန်	- နံနက် (၁၀း၀၀) နာရီမှ (၁၂း၀၀) နာရီထိ
နေရာ	- နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ်။

ညစာစားပွဲ အစီအစဉ်- (၂၉-၁၀-၂၀၁၃) ရက် (တနင်္ဂနွေနေ့) (၁၈း၀၀) နာရီမှ (၂၁း၃၀) နာရီထိ M-3 Food Center ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ ဗဟန်းမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းဆင်းသူငယ်ချင်းများ၊ မိသားစုများနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

Great Wall Language Center
(ကိုရီးယား) EPS-TOPIK
စာမေးပွဲအထူးသင်တန်း
Call- 540714, 09 49285182, 09 5183636

Certificate in Human Resource Management @ WISE College

WISE College ၏ "Certificate in Human Resource Management" သင်တန်းကို လာမည့်လတွင် (၁)ရက်နေ့တွင် စတင်မည်ဖြစ်ပြီး သင်တန်းအချိန်မှာ [illegible] ကြာသပတေးနေ့များတွင် ညနေ(၅း၃၀)နာရီမှ (၇း၃၀)နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆိုပါ သင်တန်းတွင် Human Resource Management အကြောင်း How we recruit, How we orient staff, How we manage staff, How we develop our staff, Howe we reward and recognize, How we exit staff, How we do HR plan for fucture စသည်တို့ကို အခြေခံ၍ သင်ကြားပေးသွားမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ (၁)လခွဲ ကြာမြင့်ပြီး စိတ်ဝင်စားသူများသည် WISE College 1009 (A/B) ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ဖုန်း ၀၁-၅၅၆၁၀၃၊ ၀၉-၂၅၅၇၂၃၃၀၈၊ ၀၉-၄၂၁၁၅၄၈၆၂ သို့ ဆက်သွယ်ကာ လာရောက်အပ်နှံနိုင်ပါသည်။

100% off for WISE ABE Students

EPS-TOPIK
(ကိုရီးယားသင်တန်းကျောင်း)

- ကိုရီးယားနိုင်ငံသို့ အမြန်ဆုံးသွားရောက်အလုပ်လုပ်ချင်သူများအတွက် ကိုရီးယားဘာသာစကားကျွမ်းကျင်မှု EPS စာမေးပွဲ သီးသန့်သင်တန်းကျောင်း။
- စာမေးပွဲအောင်မြင်သည်အထိ တက်ရောက်နိုင်ပါသည်။
- တန်းခွဲသစ်များ ၁-၁၁-၂၀၁၃ ရက် စတင်ဖွင့်လှစ်မည်။
- Speaking သင်တန်းများလည်းရှိသည်။
- မြန်မာပြည်၏ တစ်ခုတည်းသော EPS-TOPIK သင်တန်း Co-Operative with Korea Social Education Center of Myanmar.

အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၁၂၈၀၄၊ ၀၉-၄၂၁၀၉၁၀၈၀၊ ၀၉-၂၅၀၀၄၈၁၂၂

(၂၆)ကြိမ်မြောက် ရက်(၃၀)တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထောက်ကြန့်တိုးဂိတ်အနီး ဘွက်ကြီးကျေးရွာရှိ အောင်မင်္ဂလာမြေဖင်းတောရရိပ်သာတွင် (၂၆)ကြိမ်မြောက် ရက်(၃၀)တရားစခန်းကို ၆-၁၀-၂၀၁၃ရက်မှ ၄-၁၁-၂၀၁၃ရက်အထိ ကျေးဇူးတော်ရှင် မောင်းထောင်မြေဖင်းတောရ ဆရာတော်၏ ဥပနိဿယဖြင့် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဇဝန (သာသနဓဇဓမ္မာစရိယ)မှညွှန်ကြားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ယောဂီများ ၅-၁၀-၂၀၁၃ရက်ညနေ ကျောင်းသို့ အရောက်လာကြပါရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပါသည်။

ဖုန်းနံပါတ်များ- ၀၉-၇၃၁၀၉၈၃၈၊ ၀၉-၄၂၀၀၂၆၇၁၂၊ ၀၉-၇၃၁၄၃၄၇၄၊ ၀၉-၅၀၀၇၀၅၈

စား- ဖျော် ဝန်ထမ်းဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူမည်

ယခင်ကုန်သွယ်ရေး-၄၊ စား-ဖျော်နှင့် စားသောက်ဆိုင်(ယမကာ)လုပ်ငန်းဌာန အငြိမ်းစားဝန်ထမ်းများက ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၉-၉-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံအရှေ့ဘက်မုခ်၊ အာဇာနည်လမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်၍ ဝန်ထမ်းဟောင်းများအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက် ကုသိုလ်ရယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဝန်ထမ်းဟောင်းများ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပြည်တော်သာပတ်လမ်း၊ အမှတ်- ၇၀၇(က)၊ (၂၀' × ၆၀')၊ ဒေါ်လှိုင်လီမာ အမည်ပေါက်ဖြစ်သော အိမ်၊ ခြံ၊ မြေအား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိဖြူသွင်(LL.B)၊ (စဉ်- ၉၀၀၈)၊ တရားလွှတ်တော်ရှေ့နေ
အမှတ်- ၇၈၃(ခ)၊ ထော်ပိုင်လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်(၇)၊ (၇)လွှာ၊ အကျယ်အဝန်း(အလျား ၂၂ပေ×အနံ၅၇ပေ)အကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက် ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်ဆွေ(စဉ်-၅၆၄၁)
LL.B, B.D.S, WIPO, D.L.P (Switzerland)
Dip in English,P.G.D.A(Music)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၀၅)၊ နှင်းဆီလမ်း၊ (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၀၉၉၅၇၊ ၀၉-၂၅၀၁၈၈၃၀၁၊ ၀၁-၇၀၉၆၀၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၉၊ မြေကွက်အမှတ်(၈၂၆)၊ မြေကွက်တည်နေရာအမှတ်-၈၂၆၊ ၁၃၉ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဦးထွန်းတင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထွန်းတင်[၁၂/ဗတထ(နိုင်)၀၀၄၃၈၁]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သဇင်လမ်းမကြီး၊ မြေကွက်အမှတ်-၆၁၃½(က)၊ ဧရိယာပေ ၄၀ × ၁၂၃½ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ၃၅ပေ × ၁၀ပေတစ်ထပ်၊ ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင် ဦးအဒူဆလင်၏ကိုယ်စားလှယ် ရောင်းချခွင့်ရှိသူ ဦးခင်မောင်မြင့်ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းမြင့်မော်
ဖုန်း- ၀၉-၄၃၀၂၂၇၂၂၊ ၀၁-၅၀၇၂၂၁



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သီရိရတနာမြို့မဈေးရှိရုံအမှတ်(ယ-၅)၊ဆိုင်ခန်းအမှတ်(၃)အား လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဈေးလမ်း၊ အိမ်အမှတ်(၅/၄၇)နေ ဒေါ်သန္တာစိုး [၉/လဝန(နိုင်)၀၀၂၀၉၉]အမည်ပေါက်ပိုင်ဆိုင်ပြီး လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘူတာလမ်း၊ အိမ်အမှတ်(၁/၁၄၈)နေ ဒေါ်လှလှသန်း[၉/လဝန(နိုင်)၀၁၃၀၈၅]သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂၀-၈-၂၀၁၃ရက်စွဲပါ ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်- ၁၅၇ (အီး-၁၃)၊ မြေကွက်အမှတ်-၁၃၇၅ နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းနှင့်မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူမှာ မဖြိုးဇင်ဦးဖြစ်ကြောင်း အများသိစေရန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ အမှတ်(၁) သစ်စက်ဝင်း (ဂ/၈) တွင်နေထိုင်သူ ဦးအောင်ရှိ မှတ်ပုံတင်အမှတ်[၁၂/ကမတ(နိုင်) ၀၄၆၆၅၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

မြေကွက်အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ရှိ[၁၂/ကမတ(နိုင်)၀၄၆၆၅၉]မှ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၇ (အီး-၁၃)၊ မြေကွက်အမှတ်-၁၃၇၅ နှင့် ပတ်သက်၍ ၂၀-၈-၂၀၁၃ရက်တွင် ကြေးမုံသတင်းစာ၌ အများပြည်သူသိရှိစေရန် ကြေညာခြင်း အပေါ် အဆိုပါမြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားသော မဖြိုးဇင်ဦးမှ ၇-၉-၂၀၁၃ရက်တွင် ကြေးမုံသတင်းစာမှ ပြန်လည်ရှင်းလင်းသတိပေးကြေညာခဲ့သဖြင့် မြေကွက် မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်ရှိ အပါအဝင် ၎င်း၏မိသားစုများနှင့် မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ မဖြိုးဇင်ဦး တို့ ညှိနှိုင်းဆွေးနွေးရာ နှစ်ဦးနှစ်ဖက် ပြေလည်သဘောတူကြပြီးဖြစ်သည့်အတွက် မြေကွက်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ရှိမှ ၎င်းကြေညာထားသော ၂၀-၈-၂၀၁၃ရက် ကြေးမုံသတင်းစာပါ အများပြည်သူသိရှိရန် ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းနှင့် အဆိုပါမြေကွက်အား မိမိထံမှ ဝယ်ယူပိုင်ဆိုင်သူမှာ မဖြိုးဇင်ဦးသာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ရှိ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၃၈၂၈)
ဖုန်း-၀၉ ၄၅၀၀၄၈၀၇၆

ကန့်ကွက်နိုင်ပါသည်။

[illegible]

မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအား ကြီးကြပ် ဦးဆောင်မှုဖြင့် ဆောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား Star Resources ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်း တွင်ဖွင့်လှစ်သွားပါမည်

စဉ်	သင်တန်းအမည်များ	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့် ၁)	ဒုတိယနှစ် သို့မဟုတ်
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအသောက်နှင့်အချိုရည်ဝန်ဆောင်မှုသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအသောက်နှင့်အချိုရည်ထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	နိုင်ငံတကာ ... သင်တန်း (အဆင့် ၁)	ဤသင်တန်းကျောင်းမှ အခြေခံ (အဆင့် ၁) အစားအသောက် လုပ်ရေးသင်တန်းဆင်းလက်မှတ်ရှိသူ ဖြစ်ရမည်။
၆။	ဟိုတယ်ထိန်းသိမ်းရေးဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (ဧည့်ကြိုရေး၊ အခန်းဌာန၊ အစားအသောက်နှင့် အချိုရည်ဌာန) (အဆင့် ၂)	... ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းသင်တန်းကျောင်းမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်း ... ဖြစ်ရမည်။

သင်တန်းကာလ - (၇.၁၀.၂၀၁၃) မှ (၉.၁၂.၂၀၁၃) ရက် အထိ။
သင်တန်းဆိုင်ရာအချက်အလက်များဆက်သွယ်စုံစမ်းရန် -
... Star Resources ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်း ဌာနတွင် ...
Star Resources ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန
အမှတ်(၂၈၇) အခန်း(၂၀၂) ... ရန်ကုန်မြို့နယ်။
ဖုန်း ၀၁- ...

Asian Diary Travels & Tours
Oct 18, Nov 15
Nov 14
Hotel Booking
Ph: 01 384711

Maritime Management Institute (MMI)
မှ
Advanced Certificate in Logistics & Supply Chain Management (တစ်လ) ညနေပိုင်းသင်တန်းဖွင့်လှစ်မည်။
ဖွင့်လှစ်မည့်ရက် : ၁၅-၁၀-၂၀၁၃
သင်တန်းသားများ စာရင်းပေးသွင်းနိုင်ပြီ။
လက်ခံမည့်ဦးရေ : (၂၀) ဦး
ဖုန်းနံပါတ် : ...

ဆောင်သရဖူ
Maritime Training Centre
★ BST (4 Tickets)
★ Pre-sea (Deck & Engine)
Ticket ... Free Service ☎: 212357,09-5070163

Alpha Bravo

CYGNUS MARINE Co., Ltd
